ပြည်ထောင်စုနေ့

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၉၆)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၃၀-၉-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မဇ္ဈပဒ)

## ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ကုန်းတွင်းမုန်တိုင်းငယ်အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့အကြားမှဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ညောင်ဦးမြို့၏ စာမျက်နှာ ၃ သို့ ●







ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၉

e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ *

## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၉

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် တပ်မတော် (ရေ) မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စာမျက်နှာ ၃ သို့ ✳



### ယနေ့ ဖတ်စရာအညွှန်း

တရုတ်နိုင်ငံရှိ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ် အာရှ၏ အကောင်းဆုံး လေဆိပ်ဆုကို လေးနှစ်ဆက်တိုက်ရရှိ

စာမျက်နှာ ၈

မားကိုစ်လော်ရန်တေးကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ် အသင်းများ အပြိုင်စိတ်ဝင်စား

စာမျက်နှာ ၁၁

တရားဦးဓမ္မစကြာ တရားတော်(၇) (ဆောင်းပါး)

စာမျက်နှာ ၁၄




## ATR 72-600 လေယာဉ်သစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)၏ လေယာဉ်အုပ်စုနှင့် လေကြောင်းကွန်ရက်ဖွံ့ဖြိုးတိုးချဲ့ရေး၏ အဆင့်သစ်တစ်ရပ်အဖြစ် ATR 72-600 လေယာဉ်အသစ် XY-ANE (MSN 1827) သည် ပြင်သစ်နိုင်ငံ Toulouse မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် ရောက်ရှိလာသည်။ စာမျက်နှာ ၃ သို့ ★

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

## စာဖတ်ခြင်းသည် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေမည်

လူအမျိုးမျိုးတို့၏ စိတ်ခံစားချက်အမျိုးမျိုးကို အခြေခံ၍ ဝါသနာအမျိုးမျိုးဖြစ်ပေါ်လာကြသည်။ စိတ်ငြိမ်မှုကို နှစ်သက်သော သူများသည် စာဖတ်ခြင်းကို ဝါသနာပါကြသည်။ စာဖတ်ကြသည့် လူငယ်များသည် စာအုပ်များစွာရှိသော စာကြည့်တိုက်၊ စာအုပ်ဆိုင်များသို့သွားရောက်၍ စာပေတို့ကို လေ့လာဖတ်ရှုကြသည်။ အကောင်းအဆိုး၊ ဝါသနာအမျိုးမျိုးကိုမူတည်၍ လူငယ်တို့၏ ဘဝများပြောင်းလဲကြရသည်။ အချို့သောလူငယ်များသည် အားကစားကိုဝါသနာပါကြသည်။ ဘောလုံး၊ ရေကူး၊ ကြက်တောင်ရိုက် အပါအဝင် အားကစားနည်းများမှ ဝါသနာပါရာနည်းတစ်ခုခုကို နေ့စဉ်လုပ်ငန်းဆောင်တာတစ်ခုအနေဖြင့် လုပ်ဆောင်ကြသည်။ ကမ္ဘာမြေကြီးကိုချစ်ခင်မြတ်နိုးသူ သဘာဝပတ်ဝန်းကျင်ကို အလေးထားသော လူငယ်တို့သည် သစ်ပင်စိုက်ပျိုးခြင်းကို ဝါသနာပါကြသည်။

တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်ရှုခင်းများကို ချစ်မြတ်နိုးသော လူငယ်များသည် ပန်းချီပညာကို စိတ်ဝင်စားကြသည်။ မိမိတို့မြင်တွေ့ရသော ရှုမျှော်ခင်းများကိုကြည့်ကာ မိမိတို့၏ ပန်းချီအစွမ်းဖြင့် ဖန်တီးရေးဆွဲကြသည်။ ဂီတကို ဝါသနာပါသော လူငယ်များက နေ့စဉ်လုပ်ငန်းဆောင်တာများကို ဂီတသံစဉ်များနှင့်အတူ ဖြတ်သန်းကြသည်။ လူသားတို့သည် မိမိနှစ်ခြိုက်သော အလုပ်ကို လုပ်ဆောင်နေရလျှင် မည်မျှပင်ပင်ပန်းစေကာမူ ပျော်ရွှင်ကြစမြဲဖြစ်သည်။

ထို့အပြင် ဝါသနာအမျိုးမျိုးရှိသည့်အနက် ကျောင်းသားလူငယ်များအဖို့ စာဖတ်ခြင်းသည် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့် စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမျှ ကောင်းမှုနှင့် မကောင်းမှု၊ အမှန်နှင့် အမှားတို့ကို ခွဲခြားသိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံးဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည် စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ၊ ချိုချိုသာသာ ပြောနိုင်စွမ်းရှိကြသည်။ ကျောင်းသားလူငယ်ဘဝတွင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းကို စွဲမြဲစွာရရှိသွားပါက ကျန်သည့်အရွယ်သုံးပါး ဘဝတစ်လျှောက်လုံးတွင် တစိုက်မတ်မတ် စာဖတ်သွားကြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက လူငယ်များအား နယ်ပယ်အလိုက် အားပေးမြှင့်တင်ဆောင်ရွက်ပေးနိုင်မှုများကြောင့် လူငယ်စွမ်းပကားများဖြင့် နိုင်ငံ့အကျိုး မြှင့်တင်ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ပညာရေးကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် လူငယ်လူရွယ်များ၏ စွမ်းပကားများ တိုးတက်ခိုင်မာအားကောင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များကို ငယ်စဉ်ကပင် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခြင်း၊ စာဖတ်ခြင်းသည် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေခြင်း၊ စာပေဖတ်ရှုသည့်အလေ့အထထူထောင်ပေးခြင်း၊ စာပေမှတစ်ဆင့် ဆွဲဆောင်စည်းရုံးခြင်း၊ လူငယ်များ စုဝေးဆွေးနွေးဆောင်ရွက်ခြင်း၊ လူငယ်အားကစားအမျိုးမျိုးတို့ကို ကဏ္ဍအလိုက်အားပေးမြှင့်တင်ဖြည့်ဆည်းပေးခြင်း၊ ဝါသနာပါရာလုပ်ငန်းစဉ်များတိုးတက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခြင်း၊ နည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးချစေခြင်း၊ အများအကျိုးဆောင်ရွက်လိုစိတ်များ တိုးပွားလာစေရန် ဖန်တီးပေးခြင်း အစရှိသည်တို့ကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုး

**မတ္တရာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် နှစ်နှစ်ကျော်ခန့် မစိုက်ပျိုးနိုင်ခဲ့သော ကွင်းအမှတ်(၂၁၀)နှင့် (၂၁၁)ရှိ လယ်မြေ ၃၆ ဒသမ ၈၆ ဧကတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက လမိုင်းကျေးရွာအုပ်စု၊ ကျောက်တံတားကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက လယ်မြေများအတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများသည် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို ကြဲပက်ပေးခဲ့ကြသည်။

အဆိုပါ လယ်မြေများ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)များကို ကြဲပက်ပြီး စိုက်သား ၃၀ ရက်သားတွင် ထယ်ထိုးထွန်မွေ မြေမြှုပ်သွားမည်ဖြစ်ပြီး ဆောင်းသီးနှံပဲမျိုးစုံကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရွှေရာသား**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရကျွေးမွေး

**မြစ်သား စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့ ပေါ် အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် အာဟာရကျွေးမွေးခဲ့သည်။

KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမများ၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများပူးပေါင်း၍ KG ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျလက်ဆေးနည်းများ၊ သွားခံတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ပြီး KG ကျောင်းသား၊ ကျောင်းသူများကို အာဟာရ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၉**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ အစီအစဉ်(၇) ရပ်ဖြင့် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ၄၉ ဦး၊ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"အဖြစ် ဦးဌေးအောင်အား ခန့်အပ်ကြောင်း လွှတ်တော်သို့ ကြေညာခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။




ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို နံနက် ၁၁ နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့)ကို အောက်တိုဘာ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော် နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာ စုံစုံညီညီ တက်ရောက်လာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခုတတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းဆိုင်ရာ ရငွေသုံးငွေများ၊ ဖြည့်စွက်ခွင့်ပြုငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အတွက် ဒုတိယ ပုံမှန်အစည်းအဝေးကာလတွင် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့(၁၈)ဖွဲ့ကို စိစစ်ရမည့် ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအလိုက် ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စိစစ်ရေး ပူးပေါင်းအဖွဲ့များ အနေဖြင့် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းသတ်မှတ်ရက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ မဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သေသေချာချာလေ့လာသိရှိထားရန် လိုပါကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

လွှတ်တော် အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး အဆိုပါဒေသများသို့ နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင်များအချင်းချင်း ပူးပေါင်းပါဝင်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

ပြည်သူအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ယခုပုံမှန်အစည်းအဝေးတွင် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် မိမိတို့ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုစိတ်ကောင်း စေတနာမှန်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၁၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၅/၂၀၁၆ ဖြင့်ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါကြောင်း။

ယဉ်ကျေးမှုသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် အသက်သွေးကြောဖြစ်ပါကြောင်း၊ အမွေအနှစ်များ၏ ဆွဲဆောင်မှု၊ ထူးခြားမှု၊ ဝင်ငွေနှင့် ရေရှည်တည်တံ့မှုကို ဖန်တီးပေးပါကြောင်း၊ယဉ်ကျေးမှုကိုတန်ဖိုးထား ထိန်းသိမ်းပြီး ဟိုတယ်လုပ်ငန်းနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှသာ ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအတွက်အရေးကြီးပြီး အမျိုးသားရေး စရိုက်လက္ခဏာကို ဖော်ဆောင်ပေးခြင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံအရင်းအမြစ်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ယဉ်ကျေးမှုက ဟိုတယ်နှင့် ခရီးသွားထက် ပိုမိုဖွဲ့စည်းပုံကြီးမားပါကြောင်း၊ လတ်တလော ဝန်ကြီးဌာန အမည်ပြောင်းလဲ သတ်မှတ်လိုခြင်း သည်လည်း မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ယဉ်ကျေးမှုကို ရှေ့တန်းတင်ဂုဏ်ပြု၍ အချိန်မီ ဆောင်ရွက်လိုသည့် အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရပ်နားထားချိန်တွင် နိုင်ငံတော်အတွက် အုပ်ချုပ်ရေး ကဏ္ဍဆိုင်ရာ လိုအပ်ချက်အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် ထုတ်ပြန်၍ ဝန်ကြီးဌာန အမည် ပြောင်းလဲသတ်မှတ်ခဲ့မှု အပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၆/၂၀၁၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃)နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေကို စစ်ဘက် မူလတာဝန်များကို ပြန်လည် ထမ်းဆောင်စေပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးကို ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထဲရေး ဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို အဓိကတာဝန်ယူ ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအင်အားစု များစွာကို စုစည်းထားပြီး အဓိကအားဖြင့် လူမှုလုံခြုံရေး၊ရာဇဝတ်မှုကာကွယ်တားဆီးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ လမ်းစည်းကမ်းစီမံခန့်ခွဲမှုတို့ကို တာဝန်ယူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာ ရာဇဝတ်မှုများ၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းထောင်စီမံခန့်ခွဲမှုတာဝန်ယူသည့်အကျဉ်းဦးစီးဌာန၊ မီးဘေးကာကွယ်ရေး၊ တားဆီးရေးနှင့် ကယ်ဆယ်ရေးတို့ကို တာဝန်ယူသည့် မီးသတ်ဦးစီးဌာန၊ အဓိကအားဖြင့် ရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်အထိ အထွေထွေ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ အေးချမ်းသာယာရေး အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဝန်ကြီးဌာန တစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သော အကြောင်းအချက်များ အရ ပြည်ထဲရေး ဝန်ကြီးဌာန၏ နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ အေးချမ်းသာယာရေး ဆိုင်ရာလုပ်ငန်းကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် လတ်တလော လိုအပ်ချက်အရ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ရပ်နားထားချိန်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ထုတ်ပြန်၍ ခန့်အပ် တာဝန်ပေးမှုအပေါ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်း အစီအစဉ်ကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်း အဆိုကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများကို ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ထံမှ ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ်လိုကြောင်း တင်ပြထားသည့် ပုဂ္ဂိုလ်အား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၁၆ အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ညွှန်ကြားရေး မှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုး တို့၏အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ် အနေဖြင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်းအဆိုကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကိုပါ ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် သမ္မတထံမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်လိုကြောင်း အဆိုပြုတင်ပြထားသည့်ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်းသက်သေထင်ရှားပြ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ကိစ္စတို့နှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော် အစိုးရအနေဖြင့်

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

ပြည်သူလူထု စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေစေရေး တို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက် အအုံဖွံ့ဖြိုးရေးစသည့် ပြည်သူ့ အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ရန်ပုံငွေများကို လုပ်ငန်း လိုအပ်ချက်အပေါ် မူတည်ပြီး ချိန်ဆ၍ ခွဲဝေသုံးစွဲလျက်ရှိပြီး အခွန် ဘဏ္ဍာငွေ တိုးတက်ကောက်ခံရရှိ ရေးကိုလည်း အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီကို ပြည်ပမှတင်သွင်း ခြင်းနှင့် ပြည်တွင်း၌ ပြန်လည် ရောင်းချခြင်းတို့အပေါ် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်း ခွန် ၅ ရာခိုင်နှုန်းတို့ ကျသင့်မည် ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ ရည်ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြည်လည်ရောင်းချ ခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါ ကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့ အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှု အခြေအနေနှင့် ကမ္ဘာ့လောင်စာဆီ ဈေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံ စားသောက်ကုန်၊ ကုန်စည် ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်း အခြေအနေနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လစဉ် သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ် လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် တို့ကို စက်တင်ဘာလအတွက် (၁) လ ထပ်မံ တိုးမြှင့်ကင်းလွတ်ခွင့် ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွက် အခွန် ကင်းလွတ်ခွင့်ပြုရာ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် အများ ပြည်သူထံသို့ အသိပေးကြေညာ ချက် ထုတ်ပြန်ခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါကြောင်း။

ယခု စက်တင်ဘာလအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန် နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြု မည်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေ သည့် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသို့ အသိပေး ကြေညာချက် ထုတ်ပြန်ကြေညာ ခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ အဆိုပါကာလသည် လွှတ်တော် အစည်းအဝေး ရပ်နားထားသည့် ကာလဖြစ်ပြီး အခွန်ကင်းလွတ်ခွင့် ပြုသည့်ကိစ္စသည်လည်းအခွန်ထမ်း ပြည်သူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အချိန်နှင့် တစ်ပြေးညီ သိရှိလိုက်ပါဆောင် ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့် အတွက် ဆောင်ရွက်ရခြင်းဖြစ်ပါ ကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ (HSD 500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ် ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်း ခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံခွင့်ပြု ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ မှပေးပို့ထားသော ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ **အစား** ဗိုလ်မှူးကြီးစိုးရန်နောင် အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်း တင်သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက လွှတ်တော် အစည်းအဝေးများ ရပ်နားထားစဉ် ကာလအတွင်း ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်(ခ) ဦးနော်တောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ်မြောက် လွှတ်တော် ဥက္ကဋ္ဌများ ညီလာခံသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်း ခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပ ပြုလုပ်သည့် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက် အထိ သွားရောက်ခဲ့သည့် ခရီးစဉ် နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ ဆိုင်ရာ ပူးပေါင်းကော်မတီ အတွင်း ရေးမှူး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သီဟ ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့ ၌ ကျင်းပပြုလုပ်သည့် အာဆီယံ လွှတ်တော်များဆိုင်ရာ တတိယ အကြိမ် ဆွေးနွေးပွဲသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်း တင်သည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ဥပဒေ ကြမ်း ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်း အားလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ် ခင်မောင်စိုးအား လည်းကောင်း၊ အာဆီယံပါလီမန် များ ညီလာခံဆိုင်ရာပူးပေါင်း ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူး တင့်လွင်အေး **အစား** ဗိုလ်မှူး ဇင်ကိုဝင်းအား လည်းကောင်း ပြောင်းလဲ တာဝန်ပေးအပ်ခြင်းကို တင်ပြ၍ လွှတ်တော်၏ အတည်ပြု ချက်ရယူ အတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၉

လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူး ရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံ ပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်ရန် လိုအပ်ကြောင်း၊ လူဦးရေ အတိုး အလျော့၊ ပြောင်းဝင် ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့် အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ် သကဲ့သို့ ကော်မတီအဆင့်ဆင့်ကလည်း သက်ဆိုင်ရာ ရုံးများသို့ အသိပေးဆောင်ရွက်နိုင်ရေး နှီးဆော်ကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်လိုကြောင်း ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဆွေးနွေး ပြောကြားသည်။





ထို့အတူ ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပြည်နယ်အတွင်း မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု နှင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြ သည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ရုံးအဝင် ၌ ညှိကြိုကောင်တာ ထားရှိဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများ က ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်း ပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေအတိုး/အလျော့ လုပ်ငန်းစဉ်များ၊ အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေး သူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံး သူများအား နိုင်ငံသားစိစစ်ရေးကတ် စိစစ်ထုတ်ပေး ရေးနှင့် UID ကောက်ယူမှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။ ထို့နောက် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ် ရေးကတ်နှင့် UID တို့ကို ကာယကံရှင် တစ်ဦးချင်းထံ ပေးအပ်ပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# ကျောင်းသား၊ ကျောင်းသူများအား ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော၊ သရုပ်ပြလေ့ကျင့်

**မန္တလေး စက်တင်ဘာ ၂၉**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့်သဘာဝဘေးထောက်ပံ့ကူညီရေးပရဟိတအဖွဲ့(မန္တလေး) တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာပြည် ဗုဒ္ဓဘာသာမိဘမဲ့ကလေးများစောင့်ရှောက်ရေးအသင်း(MBOA) (မူလငါးစို့တိုက်)မှ ကျောင်းသား၊ ကျောင်းသူများအား ငလျင်ဘေး အန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသလေ့ကျင့် ခြင်းများကို ဓမ္မာရုံဇကျောင်းဆောင်တွင် ပြုလုပ်သည်။

ဦးစွာ MBOA ကျောင်း နာယကဆရာတော် ဘဒ္ဒန္တသုဇာတက အဖွင့်အမှာစကားမိန့်ကြားပြီးနောက် သဘာဝဘေးထောက်ပံ့ကူညီ ရေးပရဟိတအဖွဲ့(မန္တလေး)မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်က သဘာဝဘေးထောက်ပံ့ကူညီရေးပရဟိတအဖွဲ့(မန္တလေး)မှ လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသ ခြင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်များအား ပြောကြားခဲ့သည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦးက သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဖြစ်ပွားမှုများနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် သဘာဝဘေးထောက်ပံ့ကူညီရေးပရဟိတအဖွဲ့(မန္တလေး)တို့မှ တာဝန် ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များ ဝေငှခဲ့ကြကြောင်း၊ ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး၊ သဘာဝဘေးထောက်ပံ့ကူညီရေးပရဟိတအဖွဲ့



(မန္တလေး)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၄)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ဖြေလျှော့ပေးရေး၊ စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများ ဆောင်ရွက်ပေးရေး၊ မြေငှားဂရန်ထုတ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးစိုးလှ၏ **ကျိုက်ထီးရိုးစေတီတော်တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့်အခြေအနေအား ဖြေလျှော့ပေးရန်သို့မဟုတ် ၎င်းတို့ အလွယ်တကူဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုထက်ပို၍ အလွယ်တကူ လွတ်လပ်စွာ ဝင်ရောက်နိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် လျင်မြန်စွာ ခွင့်ပြုချက်ရယူနိုင်သည့်စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များဝင်ရောက်မှု၊ တည်းခိုမှုနှင့် သွားလာမှုများကို သက်ဆိုင်ရာဌာနများမှ စနစ်တကျမှတ်တမ်းထားရှိခြင်း၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးလာရောက်လည်ပတ်နိုင်ရေး အတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လုံခြုံရေးပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပွဲလင်းရာသီကာလ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက်သည့် အချိန်အခါများ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရတို့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခရီးသွားလာခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ခရီးလှည့်လည်ရေး ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ဝင်ရောက်သည့် ခရီးစဉ် (Package Tour)များအတွက် ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့်ရရှိစေရေးအတွက် ၁၄ ရက်ကြိုတင်၍ တင်ပြရမည့်အစားရုံးပိတ်ရက်မပါ ၁၀ ရက်ကြိုတင်၍ တင်ပြရန် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာ လည်ပတ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ (၁၀/ ၁၁/ ၁၄) တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မလှိုင်မြို့သည် ရပ်ကွက်ကြီး လေးခုနှင့် ထန်းတောရပ်ကွက်တိုးချဲ့ကွက်သစ်ဟူ၍ ခြောက်ရပ်ကွက်ရှိပြီး စည်ပင်သာယာမှ မြို့ရေပေးဝေနိုင်မှုမှာ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်များသို့ပေးဝေလျက်ရှိပြီး ယခုတင်ပြသည့် မြို့ဦး ကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄)တို့သည် အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် လက်ရှိရေမပေးဝေနိုင်ခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄) တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရန် ၆" စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများအားဆောင်ရွက်မည်ဆိုပါက ယခုလက်ရှိ ဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၂၉၈ ဒသမ ၆ သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ၍ ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြော်ငြာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘတ်စ်ကားမှတ်တိုင် တည်ဆောက်ခြင်းကြော်ငြာတပ်ဆင်ခြင်း လုပ်ငန်းကို FML Decaux Co.,Ltd တစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ဘတ်စ်ကားမှတ်တိုင် တည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကိုလည်း စာချုပ်ပါ သတ်မှတ်ချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး FML Decaux Co.,Ltd အနေဖြင့်လည်း တစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ၍ ၎င်းကုမ္ပဏီကို အရေးယူဆောင်ရွက်သွားရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အအုံများ ဆောက်လုပ် ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနမှ ခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ 9-Avenue Villa အား I Green Construction Co., Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်လည်း မြေကွက်ခွဲစိတ်လျက် ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ Palm Hill Villa အား I Green Construction Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရ တရားစွဲဆို အရေးယူထားပါကြောင်း၊ မြေကွက် ၂ ဒသမ ၉၂၈ ဧကတွင် အဆောက်အအုံရှစ်လုံး တင်ပြထားသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရာ မြေကွက်ခွဲစိတ်ပြီး မြေကွက်တစ်ကွက်ချင်းစီအလိုက် တင်ပြလာမှသာ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း၊ အမှုတွဲပိတ်သိမ်းခွင့်တွင် ထည့်သွင်းအကြောင်းကြားထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် တည်င်းကုန်းရပ်ကွက်ရှိ OASIS Villa အား I Green Construction Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုခ်ဦးနှင့် အကာအရံများသာ ဆောင်ရွက်ထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက်ရှိ Royal Taw Win Villa မြေပြင်စစ်ဆေးချက်အရ Royal Ponnami Residences အား Max Co.,Ltd နှင့် ရွှေတောင်ကုမ္ပဏီလီမိတက်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးကာရံခွင့် တင်ပြထားခြင်းနှင့် ပတ်သက်၍ စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အဆိုပါ အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)တို့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ထုတ်ပေးထားခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟသ်ာတ မဲဆန္ဒနယ်မှ ဦးငွေးဝင်း၏ **ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့၏ ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတို့ ဆောက်လုပ်ထားသော မြေနေရာသည် ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်စောမောင် လမ်းကြားရှိ အကွက်အမှတ်(၃၂)၊ အကွက်အမည် ရုံးကြီးရပ်၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းအရ 1(A) မြူနီစီပယ်အမည်ပေါက် မြေပေါ်တွင်တည်ရှိပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးမှာ အကျယ်အဝန်း အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံးမှာ အကျယ်အဝန်း အလျား ၁၀၁ ပေ၊ အနံ ၄၄ ပေ ရှိပါကြောင်း။

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါမြေနေရာအား မြို့၏အဓိကကျသော Down Town Area တွင် ရှိသဖြင့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အများပြည်သူ ကိုယ်လက်လှုပ်ရှား အပန်းဖြေရန်နေရာအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြူနီစီပယ်အမည်ပေါက် မြေနေရာပေါ်တွင် တည်ဆောက်ထားသော မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံး မြေနေရာများနှင့် ခြံဝန်းတို့အား လတ်တလော စွန့်လွှတ်မည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ် အတွင်းရှိ မျဉ်းကြောင်းတောင် အဆင်းမှ တပွင်ရွာအထိ လမ်း၌ ဗူးဝမှ ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ် လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စေတုတ္တရာမြို့နယ် အတွင်းရှိ ခရိုင်ချင်းဆက်လမ်းမှ ခွဲထွက်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မျဉ်းကြောင်းတောင် (ဥမ္မာကုန်း)အဆင်းမှ တပွင်ရွာအထိလမ်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ အလယ်ဟန်ဒေါက်-ဗူးလမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏ အခြေအနေမှာ ကျောက်လမ်း ၆ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၉ မိုင် ၄ ဖာလုံ ဖြစ်ပြီး စုစုပေါင်း ၁၆ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုများသော လမ်းအရှည် ၁ မိုင် ၄ ဖာလုံအား ကျောက်လမ်းပြုပြင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသော အမာခံလမ်းများအားကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု/ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းအား**

စာမျက်နှာ ၇ သို့ ✦

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၅ ရက်နေ့ထုတ် မန္တလေးသတင်းစာ စာမျက်နှာ ၆ ပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA)တို့ တွေ့ဆုံဆွေးနွေး သတင်း ကော်လံ ၄ ဒုတိယအပိုဒ် စာကြောင်းရေ ၁၂ တွင် **အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများ တိုက်ဖျက်ရေး၊ တားဆီးနှိမ်နင်းရေးတို့အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

✦ စာမျက်နှာ ၆ မှ

အကျိုးတူလုပ်ကိုင်ရန် အငှားမြေများချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် မြို့ကြီးများတွင်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် အိမ်ငှားရမ်းနေထိုင်လိုသူ ပြည်သူများအတွက် အိမ်ငှားခသက်သာသော ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများနှင့် တန်ဖိုးနည်း/တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လည်းကောင်း တည်ဆောက်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်မှု/စိုက်ပျိုး/ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော စက်မှုဇုန် စုစုပေါင်းဧရိယာ ဧက ၁၂၀၀၀ ကျော်ရှိသည့်အပြင် ညောင်နှစ်ပင် စိုက်ပျိုး/ မွေးမြူရေးဇုန် ဧရိယာ ၁၀၀၆၂ ဧက၊ တွံတေး၊ ကော့မှူး၊ တိုက်ကြီး မွေးမြူရေးဇုန်ဧရိယာ ၃၈၂၂ ဧကနှင့် သီလဝါ စိုက်ပျိုး/မွေးမြူရေးဇုန်၊ ရွှေပယင်းငါးမွေးမြူရေးကန် တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကျေးလက်နှင့် နယ်မြို့များတွင် နေစရာနှင့် အလုပ်အကိုင်အတွက် အငှားမြေယာများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ရန်အတွက် မြေယာလိုအပ်သူများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေအသုံးပြုခွင့် တင်ပြတောင်းခံ ဆောင်ရွက်နိုင်ပါကြောင်း။

မြို့ကြီးများ၏ ကားလမ်းမပေါ်တွင် ကြုံသလိုဈေးရောင်းချနေသူများ၏ စားဝတ်နေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်နေရာများတွင် ဈေးရုံများ၊ အခွန်လွတ်ဈေးများ၊ ရပ်ကွက်ဈေးများ တည်ဆောက်၍ ယင်းနေရာများတွင် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စည်းကမ်းမဲ့ ကျူးကျော် ရောင်းချခြင်းများကို စည်ပင်သာယာရေး ဥပဒေများနှင့်အညီ ပညာပေးခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းဖြင့် စနစ်ကျ၍ သန့်ရှင်းသပ်ရပ်သည့် မြို့များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **ညောင်ကုန်းချောင်းဖျား၊ သရက်ကုန်းကျေးရွာ အုပ်စုချင်းဆက်လမ်းအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ထည့်သွင်းလျာထား၍ ပျက်စီးနေသောလမ်းကိုဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းလမ်းသည် အိမ်မဲ - ဒါးက လမ်းပေါ်ရှိ ချောင်းဖျားကျေးရွာမှ စတင်၍ သရက်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စုစုပေါင်း အရှည် ၁၂ မိုင် ၅ ဖာလုံရှိသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း၃မိုင်၅ဖာလုံနှင့်ကျောက်ခင်းလမ်း ၉ မိုင်ဖြစ်ပြီး စုစုပေါင်း လမ်းအရှည် ၁၂ မိုင် ၅ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော ကျောက်ခင်းလမ်းအရှည် ၄ ဖာလုံကိုပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျောက်ခင်းလမ်း အသစ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **တီးတိန်မြို့နယ် မဏိပူရ်မြစ်ကူး ဒါတ်တားတံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ချင်းပြည်နယ် တီးတိန်ခရိုင် တီးတိန်မြို့နယ်ရှိ မဏိပူရ်မြစ်ကူး ဒါတ်တားတံတားသည် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ပတ်ဇန်-ဟောလေး လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၃၅၀ ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းရန်ပုံငွေဖြင့် သံပေါင်ကြိုးတံတား အလျား ပေ ၃၅၀ နှင့် အကျယ် ၁၄ ပေ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၎င်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ၎င်းတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ယာဉ်သွားလာမှုလိုအပ်ချက်ရှိသည့်ကာလမှသာ အဆိုပါတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာငွေဝင်း၏ **ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး- ကညွတ်ကုန်းလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းအရှည် ၃ ဖာလုံအား ချောင်းကျောက်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော လမ်းအရှည် ၅ ဖာလုံကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျန်ရှိသော လမ်းပိုင်းများကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **မြန်မာမှုရိုးရာ စားစရာ "ထမနဲ"ကိုလည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြိုးအချိတ်လုပ်ငန်း" ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရန် ယူနက်စကိုသို့ပေးပို့ လုပ်ဆောင်သင့်ကြောင်း** အဆိုကိုတင်သွင်းရာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံ ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

# မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှဲလှဲဝေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် မြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြသန့်ရှင်းသာယာလှပရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးကိစ္စရပ်များအား မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်နှင့် စိုက်ပျိုးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပို့ချပေးနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလုပ်ငန်းများကို အသီးသီး ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

ကျော်စွာ(စဉ့်ကိုင်)

၀-၀-၀-၀-၀



# စိုက်ပျိုးရေးဦးစီးဌာနမှ ပဲပုပ်သီးနှံမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာမှ ဒေသခံတောင်သူများထံသို့ ပဲပုပ်သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးအေးက ပဲပုပ်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးရေး လျာထားချက်များနှင့် စိုက်ပျိုးနည်းစနစ်ကောင်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ပင်တိုင်ကျေးရွာတွင် ပဲပုပ်စိုက်ပျိုးမည့် တောင်သူများ ကိုယ်စား ဦးလှမျိုးအားလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရိန်က ဝက္ကသေးကျေးရွာ ဦးအေးလွင်အား လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းက ဆီမီးထွန်းကျေးရွာ တောင်သူဦးသိန်းငွေအားလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးတိုးမြင့်ပိုင်က ကုက္ကိုကုန်းကျေးရွာ တောင်သူ ဦးမြင့်မောင်အားလည်းကောင်း၊ သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသိန်းက တိုက်ပွဲကျေးရွာ တောင်သူ ဦးညွန့်ရွှေအားလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မျိုးအေးက လက်တက်ကျေးရွာတောင်သူ ဦးမျိုးမင်းတင်အား လည်းကောင်း ပဲပုပ်သီးနှံမျိုးစေ့များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိုဿနိုးမြေ)

၀-၀-၀-၀-၀




| ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဖင်လန် | ၀ | ၀ | ဘီလာရုစ် |
| မော်လ်ဒိုဗာ | ၁ | ၁ | ဖာရိုးကျွန်းစု |

| ပီဖာအာရှပလား အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဖိလစ်ပိုင် | ၂ | ၂ | ပါကစ္စတန် |
| ထိုင်း | ၂ | ၀ | ဗီယက်နမ် |

# ကမ္ဘာ့ခရီးသွားလုပ်ငန်းစာရင်းတွင် ဂျပန်နိုင်ငံ ထိပ်ဆုံးနေရာသို့ ပြန်လည်ရောက်ရှိလာ




**တိုကျို စက်တင်ဘာ ၂၉**

ပြည်ပခရီးသွားများ ဝင်ရောက်မှု မြင့်တက်လာခြင်းနှင့် အတူ ထင်ရှားမှုနည်းသော အခြားဒေသများသို့လည်း ခရီးသွားများကို ဆွဲဆောင်ရန် ဂျပန်နိုင်ငံက ဆက်လက်ကြိုးပမ်းခဲ့ရာမှ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းစာရင်းတွင် ထိပ်ဆုံးနေရာသို့ ပြန်လည်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာလ ၂၅ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ညွှန်းကိန်းတွင် ဖော်ပြထားသော စီးပွားရေးအင်အားစု ၁၁၀ အနက် ဂျပန်နိုင်ငံက ပထမနေရာ၌ ရပ်တည်နေပြီး အမေရိကန်၊ စပိန်၊ ဩစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့က အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ပထမနေရာ၌ ရပ်တည်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် တတိယနေရာသို့ လျော့ကျခဲ့ကြောင်း သိရသည်။

**Mon**



## တရုတ်နိုင်ငံရှိ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ် အာရှ၏ အကောင်းဆုံး လေဆိပ်ဆုကို လေးနှစ်ဆက်တိုက်ရရှိ

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံရှိ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဝန်ဆောင်မှုများနှင့် အဆောက်အအုံများကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းမှုများကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလာရေး ဆုပေးပွဲတွင် အာရှ၏ အကောင်းဆုံး လေဆိပ်ဆုကို လေးနှစ်ဆက်တိုက် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟောင်ကောင်၏ တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် ကမ္ဘာ့ခရီးသွားလာရေးဆုပေးပွဲ (အာရှနှင့် အိုရှီးနီးယားဒေသ) အခမ်းအနားတွင် စင်ကာပူ ချန်ဂီလေဆိပ်၊ တောင်ကိုရီးယား အင်ချွန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဗီယက်နမ် တန်ဆွန်းညက်လေဆိပ်တို့ အပါအဝင် အခြားပြိုင်ဘက် ၁၀ ခုကို ကျော်လွှန်၍ အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ကိုဗစ်ကပ်ရောဂါမတိုင်မီက အဆိုပါဆုကို စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်က နှစ်စဉ်ဆက်တိုက် ရရှိခဲ့ကြောင်း သိရသည်။

**Mon**




## နိုင်ဂျီးရီးယား ကချေသည် ဘင်ဂျမင်ဒန်နီယယ် အကစံချိန်သစ် တင်ရန်အတွက် ခုနစ်ရက်ကြာ မနားတမ်း ကပြမည်ဟု ဆို

**လေဂို့စ် စက်တင်ဘာ ၂၉**

နိုင်ဂျီးရီးယား နိုင်ငံသား ကချေသည်တစ်ဦးသည် ကမ္ဘာ့ခေတ်ပေါ်အကစံချိန်သစ်တင်ရန် အတွက် ခုနစ်ရက်ကြာ အနားမယူစတမ်း ကကွက်ဆင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘင်ဒန်ဆာဟု လူသိများသော ဘင်ဂျမင်ဒန်နီယယ်သည် ၄င်း၏အကစံချိန်ဟောင်းထက် ၄၁ နာရီပိုမို၍ ၁၆၈ နာရီကြာ ကပြရန် ရည်မှန်းထားသည်ဟု ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ကြိုးပမ်းမှုသည် တရားဝင်ကမ္ဘာ့စံချိန်ဖြစ်၊မဖြစ်ကို ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့က အတည်ပြုရသေးခြင်းမရှိသဖြင့် ယင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် အဆိုပါအဖွဲ့အစည်းထံ ဆက်သွယ်မေးမြန်းထားကြောင်း သိရသည်။ **Mon**




## ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ရှိ ရေဝပ်နေမှုများ လျော့ကျသွားရန် နှစ်ရက်မှ သုံးရက်အထိ ကြာမြင့်မည်

**ဘန်ကောက် စက်တင်ဘာ ၂၉**

ထပ်မံ မိုးရွာသွန်းခြင်းမရှိပါက ဘန်ကောက်မြို့တော်ရှိ ရေဝပ်နေမှုများ လျော့ကျသွားရန် နှစ်ရက်မှသုံးရက်အထိ ကြာမြင့်မည်ဟု ထိုင်းအစိုးရက စက်တင်ဘာ ၂၉ တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရေကြီးရေလျှံမှုအား ဖြေရှင်းရန်နှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များအတွက် ရေရှည်စီမံကိန်းများကို အစိုးရအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အက်ကာပေါ့ပ် ပီယန်ပိုင်ဆစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘန်ကောက်မြို့တော်သည် လွန်ခဲ့သောသီတင်းပတ်အတွင်း သုံးရက်ခန့်ကာလအတွင်း မိုးရေချိန် ၃၂၀ မီလီမီတာခန့် ရွာသွန်းခဲ့ရာ ယင်းမှာ နိမ့်ပါးကျယ်ဝန်းသော အဆိုပါမြို့တော်၌ စက်တင်ဘာတစ်လလုံး ရွာသွန်းလေ့ရှိသည့် မိုးရေချိန်နှင့် နီးပါးတူညီသည်။

ထိုင်းရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၂၀ ကျော်ရှိမည်ဟု တွက်ချက်ခန့်မှန်းကြောင်း သိရသည်။

**Mon**



STOP AIDS

## စင်ကာပူနိုင်ငံ၏ လေထုညစ်ညမ်းမှု ကျန်းမာရေးနှင့်မညီညွတ်သော အဆင့်တွင် ဆက်လက်တည်ရှိ

**စင်ကာပူ စက်တင်ဘာ ၂၉**

စင်ကာပူနိုင်ငံ၏ အလယ်ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ လေထုအရည်အသွေးသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်မညီညွတ်သော အဆင့်တွင် ဆက်လက်တည်ရှိနေပြီး မြောက်ပိုင်းဒေသတွင်လည်း နံနက် ၇ နာရီ၌ အဆိုပါသတ်မှတ်ချက်ကို ကျော်လွန်ရောက်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းဒေသရှိ ၂၄ နာရီ လေထုညစ်ညမ်းမှုစံနှုန်းညွှန်းကိန်းသည် နံနက် ၇ နာရီတွင် ၁၀၁ အထိ ရောက်ရှိခဲ့ပြီး အလယ်ပိုင်းဒေသ၏ ညွှန်းကိန်းမှာမူ ၁၅၅ ဖြင့် အမြင့်ဆုံးဖြစ်သည်။

သတ်မှတ်အချိန်တစ်ခုအတွင်းရှိ လေထုအရည်အသွေးကို ထင်ဟပ်စေသည့် တစ်နာရီချင်းစီ၏ ပီအမ် ၂ ဒသမ ၅ ညွှန်းကိန်းများသည် နံနက် ၉ နာရီအထိ ဒေသအားလုံး၌ ၆၁ မှ ၁၁၂ အတွင်းရှိကာ မြင့်မားသောအဆင့်တွင် ရှိနေကြောင်း သိရသည်။

**Mon**

## အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်၏ အတိုးနှုန်းမူဝါဒအပေါ်မူတည်၍ ဒေါ်လာဈေးနှုန်း နှစ်လတာကာလအတွင်း အမြင့်ဆုံးအဆင့်အနီး၌ ရှိနေ

**ဝါရှင်တန် စက်တင်ဘာ ၂၉**

မတည်ငြိမ်သော ရေနံဈေးနှုန်းများနှင့် အမေရိကန် ဘဏ္ဍာရေးဌာန၏ အကျိုးအမြတ်နှုန်းထားများ လျင်မြန်စွာ မြင့်တက်လာခြင်းတို့က အထောက်အကူပြုနေသဖြင့် ဒေါ်လာဈေးနှုန်းသည် စက်တင်ဘာ ၂၉ ရက်တွင် နှစ်လတာကာလအတွင်း အမြင့်ဆုံးအဆင့်အနီး၌ ရှိနေကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်၏ အတိုးနှုန်းမူဝါဒလမ်းကြောင်းဆိုင်ရာ အချက်အလက်များကို ကုန်သည်များက ယခုသီတင်းပတ်အတွင်း စောင့်မျှော်နေကြသဖြင့် ဒေါ်လာ၏ မြင့်တက်မှုသည် အကန့်အသတ်ဖြင့်သာ ရှိနေသည်။

ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် တိုင်းတာညှိနှိုင်းထားသော အစီအမံများကို အရိပ်အမြွက် ပြောကြားခဲ့ပြီးနောက် ယူရိုငွေကြေးသည် သုံးလတာကာလအတွင်း အနိမ့်ဆုံးအဆင့်ဖြစ်သော ၁ ဒသမ ၁၃၆၇ ဒေါ်လာနီးပါးတွင် အရောင်းအဝယ်ဖြစ်နေသည်။

ပေါင်စတာလင် ငွေကြေးသည်လည်း သုံးလတာကာလအတွင်း အနိမ့်ဆုံးအဆင့်နှင့် မဝေးလှဘဲ ၁ ဒသမ ၃၂၄၈ ဒေါ်လာဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**Mon**



## ယာဉ်စည်းကမ်းအသိပညာပေး၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

**ကျောက်မဲ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းလိုက်နာရေးအတွက် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြို့ကျက်သရေဆောင်ခန်းမရှေ့ ပင်လုံလမ်းပေါ်တွင် ယာဉ်စည်းကမ်းအသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ထွန်းနိုင်မြင့်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆိုင်ကယ်စီးနင်းစဉ် ဦးထုပ်မဆောင်းသူများအား တားဆီး၍ ဆိုင်ကယ်စီးပါက ဦးထုပ်စနစ်တကျဆောင်းရေး၊ နှစ်ယောက်ထက်ပိုမိုမစီးနင်းရေးအပါအဝင် ယာဉ်စည်းကမ်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မော်တော်ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၀၀ ကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးသန့်ဇော်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်မင်းစိုး တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မဟာအောင်မြေမြို့နယ်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ၃၈ လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြားတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၉)မြို့မရဲစခန်းမှ ဒုတိယရဲအုပ်အောင်မျိုးဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၀)ယာဉ်ထိန်းရဲတပ်ဖွဲ့(မဟာအောင်မြေမြို့နယ်)မှ တပ်ကြပ်ကြီးသွင်သွင်စိုးနှင့် တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မော်တော်ယာဉ် ၂၁ စီး၊ မော်တော်ဆိုင်ကယ် ၈၇ စီး၊ မီနီအိုးဝေ ၄၅ စီးအား စစ်ဆေးခဲ့ကြပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ကြရန် အသိပညာပေးပြောကြားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပြင်ဦးလွင်မြို့နယ် ညောင်ပေါက်ကျေးရွာတွင် နေအိမ်တစ်လုံး မီးလောင်

**ပြင်ဦးလွင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ညောင်ပေါ ကျေးရွာတွင် ယနေ့ မွန်းလွဲ ၃နာရီခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် နီးစပ်ရာ မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းများက မီးလောင်ရာနေရာသို့ သွားရောက်၍ မီးငြိမ်းသတ်ခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



မီးမပြန့်ပွားစေရေးနှင့် အနီးဝန်းကျင်ရှိ နေအိမ်များထိခိုက်မှုမရှိစေရေးအတွက်လည်း မီးငြိမ်းသတ်ရေးအဖွဲ့များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းရသည့် အကြောင်းအရင်းနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေတို့ကို သက်ဆိုင်ရာက ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိသူရှိ၊ မရှိနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့ကို အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**(ဝဲပုံ)**

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**မုဒုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ မော်လမြိုင်-သံဖြူဇရပ်သွားကားလမ်းမပေါ်၌ မုဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သံဖြူဇရပ်မြို့မှ မုဒုံမြို့ဘက်သို့ နိုင်လုံကျေးရွာနေ ကိုမျိုးသီဟအောင်(၂၁)နှစ်ဆိုသူ မောင်းနှင်လာသည့် MON-8 5W---HONDA CLICK 160 အမျိုးအစား မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မျိုးသီဟအောင်ဆိုသူအား မုဒုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ချောင်းဆုံမြို့နယ်၊ အဘစ်ကျေးရွာ၌ ချောင်းဆုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကွမ်လှာကျေးရွာမှ အဘစ်ကျေးရွာဘက်သို့ ကွမ်လှာကျေးရွာနေ ဦးဝင်းခိုင်(၅၀)နှစ်ဆိုသူ မောင်းနှင်လာသည့် နံပါတ်မပါ Wave 125 အမျိုးအစားမော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းခိုင်ဆိုသူအား ချောင်းဆုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ ညနေ ၅ နာရီ ၅ မိနစ်တွင် ဘီးလင်းမြို့နယ်၊ ဗိုလ်တေဇရပ်ကွက်၊ SOLO စက်သုံးဆီဆိုင်အနီး၊ ဘီးလင်း-နတ်ကြီးသွားကားလမ်းမပေါ်၌ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကဇိုင်းကျေးရွာမှ ဘီးလင်းမြို့ဘက်သို့ ဦးလှိုင်မျိုး(၃၉)နှစ်ဆိုသူမောင်းနှင်လာသည့် MON-33R--MITSUBISHI TRITON အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် လှိုင်မျိုးဆိုသူအား ဘီးလင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်-ရပ်စောက်ကားလမ်း၊ ဟဲကယ်လုံခြုံရေးဂိတ်၌ ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရပ်စောက်မြို့မှ ရွှေညောင်မြို့ဘက်သို့ ကလောမြို့နယ်၊ အင်းခေါင်းကျေးရွာနေ ဦးခွန်ဇော်လင်းထူး(၃၅)နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-14 7P/---DONGFENG အမျိုးအစား ၂၂ ဘီးတွဲယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ခွန်ဇော်လင်းထူးဆိုသူအား ရွှေညောင်နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။



## မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၈ မိုင်အနီး တွဲကားတစ်စီး တိမ်းမှောက်၊ တစ်ဦးဒဏ်ရာရ

**ပြင်ဦးလွင် စက်တင်ဘာ ၂၉**

မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ ၁၈မိုင်အနီးတွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က တွဲကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် တွဲကားမှာ လမ်းဘေးသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူအား စေတနာ့ဝန် လူမှုကူညီရေးအသင်းမှ လူမှုကူညီရေးအဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်ကူညီပေးခဲ့သည်။

အခင်းဖြစ်နေရာတွင် ယာဉ်အစိတ်အပိုင်းများနှင့်ပစ္စည်းများ လမ်းပေါ်သို့ ပြန့်ကျဲနေပြီး မိုးရွာသွန်းထားသဖြင့် လမ်းမျက်နှာပြင် စိုစွတ်နေသည်။

လက်ရှိတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးဘဲ လမ်းအသုံးပြုသူများအနေဖြင့် အခင်းဖြစ်နေရာအနီးတွင် အရှိန်လျှော့၍ သတိပြုမောင်းနှင်ကြရန် အသိပေးထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင် ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၂-၄-၂၀၂၄ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၂၄)ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီ ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေ အတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အထွေထွေ အတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် က ပြောကြားရာတွင် EAO များ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် မတူညီသော ရည်မှန်းချက်၊ လိုလားချက်များနှင့် စပ်လျဉ်းပြီး EAO များနှင့် အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တစ်ဖွဲ့ချင်း အလိုက်သော်လည်းကောင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆွေးနွေးသွားမည်ဖြစ် ကြောင်း၊ ပြည်သူလူထုကိုယ်စားပြုသည့် နိုင်ငံရေး ပါတီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေး ဖက်အဖြစ်မဟုတ်ဘဲ အတူတကွ ပူးပေါင်းဆောင် ရွက်သူများအဖြစ် သတ်မှတ်ဆွေးနွေးသွားမည်ဖြစ် ကြောင်း၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် အားလုံးက ကြိုးစားဆောင်ရွက်သွားရမည်ဖြစ် ကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်း ရေးမှူး(၁) စဝ်စိုင်းငင်းက ပြောကြားရာတွင် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် သင့်လျော်မည့် လမ်းကြောင်းများဖြင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ် ကြောင်းကို သိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အရေးကြီးဆုံး ဖြစ်သည့် ယုံကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီမံဆောင်ရွက်ထား မှုအခြေအနေများ၊ NCA-S EAOs ဆွေးနွေးညှိနှိုင်းရေး အဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် တိကျ သည့် သဘောတူညီချက်များချမှတ်နိုင်ရေး ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များ ဆက်လက်ဆွေးနွေးမှုပုံစံ၊ ဆွေးနွေးမည့် အကြောင်းအရာ၊ ယုံကြည်မှုတည်ဆောက်ရေး အစီ အစဉ်များဖော်ဆောင်နိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ တွင် အခြေခံမှုများရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပါဝင်လာစေရေး၊ EAO များ အခြေပြုရာဒေသ များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲ များ၊ ဖိုရမ်များ ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့ပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၉




ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက် ၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့ တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ် အတွင်းခြောက်ပေကိုးလက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ခုနစ်ပေ ၁၁ လက်မခန့်၊ ငါးသိုင်းချောင်း မြို့နယ်အတွင်း ကိုးပေ သုံးလက်မ ခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ခုနစ်လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ် အတွင်း ခြောက်ပေ သုံးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွား ခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများ တွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း ၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေး ကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက် ဖွယ်ရာများ လိုက်လံပို့ဆောင်ပေး ခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ပေးခြင်းနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးနေမှုများ ကို အနောက်တောင်တိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

❒ စာမျက်နှာ ၂၄ မှ

ဖြစ်ပွားလျက်ရှိသည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ အချို့ရှိ ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေး စခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်း များသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိုးသည်းထန်စွာရွာ သွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် သရက်ချောင်း မြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ပလောက်မြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက် များနှင့် ကျေးရွာတို့တွင် ရေဘေးသင့်ပြည်သူများအတွက် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း နှင့် ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကူညီ ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




## မီလီတာအို ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**မက်ဒရစ် စက်တင်ဘာ ၂၉**

ရီးရဲလ်မက်ဒရစ်အသင်း၏ နောက်ခံကစားသမား မီလီတာအိုသည် ကြွက်သားဒဏ်ရာမှ ပြန်လည် သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဧပြီလက ဒဏ်ရာရရှိကာ အနားယူခဲ့ရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်လည်ဆင်းနိုင်ခဲ့ပြီဖြစ်သည်။

နောက်ခံကစားသမား မီလီတာအိုဒဏ်ရာမှ ပြန်လည်သက်သာလာသဖြင့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ပိုင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၄ ပွဲ ကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ယာပုံ) (NGB)





## ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ပါရီ စက်တင်ဘာ ၂၉**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၈ မိနစ်တွင် အိုလီဆေးက သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၃ ရက်တွင် အီတလီအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

### ဘောလုံးသတင်း အတိုအထွာများ

* မန်ယူအသင်းသည် ဘီလ်ဘာအိုအသင်းတိုက်စစ်မှူး ဝီလီယံကို ယူရို ၉၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပိုလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၆ အမျိုးသမီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံဆုကို စပိန်အသင်းက ဒုတိယအကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့သည်။ (NGB)

## ဂိုးသမား နီတိုကို ဂျူဗင်တပ်အသင်း ခေါ်ယူ

**တူရင် စက်တင်ဘာ ၂၉**

ဂျူဗင်တပ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ဂိုးသမား နီတိုကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၇)နှစ် အရွယ်ရှိ ဂိုးသမားသည် ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ်(၃၃)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ဂိုးသမား နီတိုသည် ကစားသမားဘဝတစ်လျှောက်တွင် ဖီအိုရင်တီးနား၊ ဗလင်စီယာ၊ ဘာစီလိုနာ၊ ဘုန်းမောက်၊ အာဆင်နယ်၊ ဘိုတာဖိုဂို စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




ထို့ကြောင့် ဂိုးသမား နီတိုအနေဖြင့် ဂျူဗင်တပ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ကားလို့စ်ကူစတာအား နည်းပြရာထူးမှ ပါးမားအသင်းထုတ်ပယ်

**တူရင် စက်တင်ဘာ ၂၉**

အီတလီစီးရီးအေကလပ် ပါးမားအသင်းသည် အသင်းနည်းပြ ကားလို့စ်ကူစတာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ပါးမားအသင်းသည် ယခုနှစ် ဘောလုံးရာသီ အီတလီစီးရီးအေ ပွဲစဉ် ၅ ပွဲကစားအပြီးတွင် ရမှတ် ၄ မှတ်ဖြင့် အဆင့် ၁၅နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ကားလို့စ်ကူစတာကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကားလို့စ်ကူစတာသည် ပါးမားအသင်းကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၉ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၈ ပွဲတွင် ၁၄ ပွဲ နိုင်၊ ၁၄ ပွဲ သရေ၊ ပွဲ ၂၀ ရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

ပါးမားအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ကားလို့စ်ကူစတာကို ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## 2026 Samsun Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၄ ရက်တွင် စတင်မည်

**ဆမ်ဆွန် စက်တင်ဘာ ၂၉**

တူရကီနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Samsun Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၄ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Samsun Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၁၂ ရက်အထိ ကိုးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Samsun Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Samsun Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆလိုဗေးနီးယားတင်းနစ်မယ် Kaja Juvan ဖြစ်သည်။

(ယာပုံ) (NGB)

### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ (နိုင်ကမ္ဘာ)

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃၀-၉-၂၀၂၆ ည၇း၃၀နာရီ | ဆေးရှဲလ် - သီရိလင်္ကာ |
| ၃၀-၉-၂၀၂၆ ည၈း၃၀နာရီ | ဘော့ဆွာနာ - မိုဇမ်ဘစ် |
| ၃၀-၉-၂၀၂၆ ည၁၀း၃၀နာရီ | လစ်သူယေးနီးယား - အန်ဒိုရာ |
| ၁-၁၀-၂၀၂၆ နံနက်၀၅း၃၀နာရီ | အာဂျင်တီးနား - ဘိုလီဗီးယား |
| ၁-၁၀-၂၀၂၆ နံနက်၀၈း၃၀နာရီ | ကွတ်ခ်ကျွန်းစု - တာဟီတီ |

## ဂျီအယ်လ်ရှင်တီယန် ဗင်နီဇီယာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် စက်တင်ဘာ ၂၉**



အီတလီစီးရီးအေကလပ် ဗင်နီဇီယာအသင်းသည် နောက်ခံကစားသမား ဂျီအယ်လ်ရှင်တီယန်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဗင်နီဇီယာအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၅၁ ပွဲ ကစားကာ တစ်ဂိုး သွင်းယူထားခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျီအယ်လ်ရှင်တီယန်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်" ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## မားကို့စ်လော်ရန့်တေးကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၂၉**



ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီး၊ လီဗာပူး၊ မန်စီးတီး စသည့်အသင်းများသည် အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား မားကို့စ်လော်ရန့်တေးကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၈ပွဲကစားပြီး ၃၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မားကို့စ်လော်ရန့်တေးကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ချဲလ်ဆီး၊ လီဗာပူး၊ မန်စီးတီးအသင်းတို့အနေဖြင့် မည်သည့်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းမှ မားကို့စ်လော်ရန့်တေးကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)



### ဗီဖာအာရှဖလား(အုပ်စုအဆင့်ပွဲစဉ်များ) (နိုင်ကမ္ဘာ)

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃၀-၉-၂၀၂၆ မွန်းလွဲ၃း၃၀နာရီ | အရှေ့တီမော - ကမ္ဘောဒီးယား |
| ၃၀-၉-၂၀၂၆ ညနေ၆း၃၀နာရီ | ဟောင်ကောင် - ဘရူနိုင်း |

### အာဖရိကနိုင်ငံများဖလား(ခြေစစ်ပွဲစဉ်များ) (နိုင်ကမ္ဘာ)

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃၀-၉-၂၀၂၆ ည၁၀း၃၀နာရီ | အီရီထရီယာ - တောင်အာဖရိက |



## တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**မကွေး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံ တပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးမြို့ အ.ထ.က(ခွဲ) အ.လ.က(၁)မှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ" ဖြင့် ဂုဏ်ပြုသီဆို၍ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆ - ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့် ရမှတ်ပေါင်းအများဆုံး ၁၀ ဦးတွင် ပါဝင်သူ သုံးဦး၊ အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့်ရမှတ်ပေါင်း အများဆုံးနှစ်ဦးနှင့် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်း ဒုတိယရရှိအောင်နှင့် ထူးချွန်စွာ အောင်မြင်သူများ ထွက်ပေါ်လာအောင် အားကြိုးမာန်တတ် စီမံသင်ကြားပို့ချခဲ့သော တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် ရမှတ်အများဆုံး သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများအား ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**အမရပူရ စက်တင်ဘာ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူနှင့် တာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူများအကြားတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းကို အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရှားတောလေးကျေးရွာ သန္တိသုခဓမ္မာရုံ၌ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စောမြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးက အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေလဝါဝါက(Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်အောင်ထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စောမြိုင်၊ ဒုတိယမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကိုကိုထွန်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဦး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခိုင်သဇ္ဇာ၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ဆုလှိုင်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ပြည်သူများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) လဲ့လဲ့နိုင်**



## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့နေ ဒေါက်တာခင်ခင်ချိုက မွေးနေ့အထိမ်းအမှတ်အဖြစ် သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့(မန္တလေး)သို့ ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေး၊ ဒုတိယပါမောက္ခ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကဆေးရုံကြီးများ ပူးပေါင်း၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများကို နိုဝင်ဘာလအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ရာ ကျန်းမာရေး စစ်ဆေးမှုခံယူလိုသော သက်ကြီးဆရာဝန်ကြီးများ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဝ၄၅)**

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပျော်ဘွယ် စက်တင်ဘာ ၂၉**

ပျော်ဘွယ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဒေါက်တာတင်မောင်လင်းက နိုင်ငံတော်အနေဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စာရင်းကောက်ယူခြင်းမှ ဒေသအလိုက်မွေးမြူထားသော တိရစ္ဆာန်အရင်းအမြစ်တည်ရှိမှု၊ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုစာရင်းများ သိရှိနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀-၀

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဥ့်ကိုင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ရန်အောင်မြင်ရပ်ကွက်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးအနီး လမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာပိုမိုကောင်းမွန်စေရေး၊ ရေကြီး၊ ရေလျှံမှု မဖြစ်ပေါ်စေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့အတွက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ယမန်နေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ဦးတို့ ပူးပေါင်း၍ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်များ၊ ပလတ်စတစ်အိတ်ခွံများအား ဆယ်ယူ၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေနုတ်မြောင်းဘေးဝဲ၊ယာ၌ ချုံနွယ်ပိတ်ပေါင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**ကျော်စွာ(စဥ့်ကိုင်)**



## ဒုတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၉**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြီးကြောင့် Sky Villa ကွန်ဒိုပြိုကျပျက်စီးမှုအတွင်း ကွယ်လွန်ခဲ့သူများအား ရည်စူး၍ ဒုတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၆ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ လမ်း၆၀၊ ၂၂လမ်းနှင့်၂၃လမ်းကြားရှိ Sky Villa မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ နန်းတော်ရှေ့ဝန်းကျင်ရှိ ကျောင်းတိုက်များမှ သံဃာတော် ၂၀၇ ပါး ကြွရောက်ခဲ့ပြီး Sky Villa အခန်းပိုင်ရှင်မိသားစုများနှင့် ကွယ်လွန်သူများ၏ ကျန်ရစ်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သံဃာတော်များက ကွယ်လွန်သူများအတွက် မေတ္တာပို့ အမျှပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

## အိမ်ခြံမြေအရောင်းအဝယ်အေးနေသော်လည်း ပုသိမ်ကြီးဘက်သို့ ပြောင်းရွှေ့သူများရှိနေ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၌ လက်ရှိအချိန်တွင် အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်အေးနေသော်လည်း ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် ငလျင်ကြီးလှုပ်ခတ်ခဲ့သည့်နောက်ပိုင်း မန္တလေးမြို့ပေါ်မှ ပုသိမ်ကြီးမြို့နယ်ဘက်သို့ ပြောင်းရွှေ့နေထိုင်သူများ တိုးလာကြောင်း ဒေသခံများကပြောသည်။

အဆိုပါငလျင်ကြီး လှုပ်ခတ်ပြီးနောက် မန္တလေးမြို့တွင်းရှိ နေအိမ်နှင့် အဆောက်အအုံများ၏ လုံခြုံရေးအခြေအနေအပြင် နေထိုင်ရာ ပတ်ဝန်းကျင်ကို ပြန်လည်စဉ်းစားလာသူများရှိပြီး မြို့တွင်းကဲ့သို့ အိမ်ခြေများ သိပ်သည်းကျပ်တည်းသည့် နေရာများထက် မြေနေရာကျယ်ဝန်းသည့် ပုသိမ်ကြီးမြို့နယ်ဘက်ကို ရွေးချယ်သူများလာကြခြင်း ဖြစ်သည်။

အထူးသဖြင့် စည်သာယာ၊ ရန်ကင်းသာယာနှင့်အနီးဝန်းကျင်ဒေသများတွင် အိမ်ခြံဝန်းကျယ်များ ရရှိနိုင်ခြင်း၊ လူနေထိုင်ရန်နေရာပိုမိုကျယ်ဝန်းခြင်းတို့ကြောင့် မိသားစုလိုက် ပြောင်းရွှေ့နေထိုင်သူများရှိလာသည်။

"မြို့တွင်းမှာ လူနေထူထပ်ပြီး အိမ်ခြေစိပ်တယ်။ ပုသိမ်ကြီးမှာ မြေနေရာကျယ်ကျယ်ဝန်းဝန်းနဲ့ မိသားစုတွေ အေးအေးဆေးဆေး နေချင်တာကြောင့် ရွေးချယ်ဖြစ်တာပါ"ဟု ပုသိမ်ကြီးမြို့နယ်သို့ ပြောင်းရွှေ့နေထိုင်သူတစ်ဦးက ပြောသည်။

ဒေသခံများ၏ ပြောကြားချက်အရ ပုသိမ်ကြီးမြို့နယ်အတွင်း အိမ်ခြံမြေအရောင်းအဝယ်မှာ ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက အေးနေသော်လည်း နေထိုင်ရန်အတွက် အိမ်ငှားရမ်းခြင်းနှင့် နေရာရှာဖွေခြင်းများ ဆက်လက်ရှိနေသည်။

ထို့အပြင် မန္တလေးမြို့နှင့် ဆက်သွယ်သွားလာနိုင်မှု၊ မြို့တွင်းထက် နေထိုင်ရန်နေရာ ပိုမိုကျယ်ဝန်းနိုင်မှုတို့ကြောင့် ပုသိမ်ကြီးမြို့နယ်သည် မန္တလေးမြို့အနီးတွင် နေထိုင်ရန်နေရာရှာဖွေနေသူများအတွက် ရွေးချယ်စရာနေရာတစ်ခု ဖြစ်လာနေကြောင်း ဒေသခံများက ပြောသည်။

**ကိုစိုင်း(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ (၉/၂၀၂၆ )ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ (၉/၂၀၂၆ )ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌက ဦးဆောင်၍ အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအတွင်းရေးမှူးက စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များအား အမှာစာဖြင့် ရှင်းလင်းတင်ပြခဲ့ရာတွင် ယခင်(၈/၂၀၂၆)စားသုံးသူရေးရာကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုများ၊ ယခင်လအတွင်းအင်တာနက်တိုင်ကြားမှုများ၊ SimCard လိုင်းမကောင်း၍ တိုင်ကြားမှုများ၊ Package ဝယ်ယူရာတွင် အဆင်မပြေ၍ တိုင်ကြားခြင်း၊ Online Shop မှဝယ်ယူရာတွင် အဆင်ပြေမှုမရှိ၍ တိုင်ကြားခြင်း၊ ဖုန်းပြင်ဆင်ဆိုင်မှ ဖုန်းပြင်ရာမှ အဆင်ပြေမှုမရှိ၍ တိုင်ကြားခြင်း၊ ဂေါက်ပစ္စည်းဝယ်ယူရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် ပရိဘောဂဝယ်ယူရာမှ အဆင်ပြေမှုမရှိ၍ တိုင်ကြားခြင်း စသည့်တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်ပြီးစီးကြောင်း၊ ဖြေရှင်းဆောင်ရွက်နေဆဲအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှ တိုင်ကြားခြင်း၊ ကားပြင်ရာမှ ကားဝပ်ရှော့အား တိုင်ကြားမှု ဖြစ်စဉ်တစ်ခု၊ Online Shop မှ ပစ္စည်းမှာယူရာ မရောက်ရှိ၍ တိုင်ကြားခြင်း၊ ပုဂ္ဂလိကကျောင်းဝန်ဆောင်မှုရယူသုံးစွဲရာ အဆင်ပြေမှုမရှိ၍ တိုင်ကြားခြင်း၊ အင်တာနက်လိုင်းမကောင်း၍ တိုင်ကြားခြင်းနှင့် အထည်အလိပ်များ မှာယူရာတွင် အဆင်မပြေ၍ တိုင်ကြားခြင်း စသည့် တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းနှင့်ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြခဲ့ပြီး ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*-*-*

## အခြေခံကိုယ်တိုင်းနည်းနှင့် Pattern ဆွဲနည်းသင်တန်းအမှတ်စဉ်(၅) ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် တိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MRG-MA) တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကိုယ်တိုင်းနည်းနှင့် Pattern ဆွဲနည်းသင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီး အထည်ချုပ် လုပ်ငန်းရှင်များအသင်းရုံး၊ ကျွဲရေကုန်းခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်၊ လူငယ်ရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှိုင်ဌေးအောင်၊ တိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်လေးလေးမွန်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်နန်းကေသွယ်ထွန်းနှင့် ဒေါ်ဥမ္မာတို့ အပါအဝင် သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အမှာစကားပြောကြားပြီး သင်တန်းနည်းပြမှူးက သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ကာ အခြေခံကိုယ်တိုင်းနည်းနှင့် Pattern ဆွဲနည်းများကို စာတွေ့၊ လက်တွေ့ နှစ်မျိုးလုံး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၆)

## ထောပတ်သီးအရည်အသွေးကောင်းမွန်ရေး အသီးရင့်ချိန်တွင် ခူးဆွတ်ရန် အရေးကြီး

**မန္တလေး စက်တင်ဘာ ၂၉**

ထောပတ်သီးအရည်အသွေး ကောင်းမွန်စေရန် အသီးရင့်ချိန်ရောက်မှ ခူးဆွတ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချရန် အရေးကြီးကြောင်း ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများနှင့် ဈေးကွက်အတွင်း လေ့လာသူများက အကြံပြုထားသည်။

ထောပတ်သီးသည် အပင်ပေါ်တွင် အပြည့်အဝမမှည့်ဘဲ ခူးဆွတ်ပြီးနောက် ဆက်လက်ရင့်မှည့်လာသည့် အသီးမျိုးဖြစ်သော်လည်း အသီးရင့်မှုမပြည့်မီနှင့် အချိန်မတိုင်မီ ခူးဆွတ်ပါက ရင့်မှည့်ချိန်တွင် အသီးအရည်အသွေး ကျဆင်းခြင်း၊ ပိန်ရှုံ့ခြင်း၊ အတွင်းသားအမျှင်များခြင်းနှင့် ပုပ်သွားခြင်းများ ဖြစ်ပေါ်နိုင်သည်။

အထူးသဖြင့် Hass ထောပတ်သီးမျိုးတွင် အသီးရင့်မှုသည် အရည်အသွေးနှင့် တိုက်ရိုက်ဆက်စပ်နေပြီး အသီးအတွင်းရှိ Dry Matter(ခြောက်သွေ့ပစ္စည်းပါဝင်မှု) လုံလောက်မှသာ ရင့်မှည့်ပြီးနောက် အဆီဓာတ်နှင့် အရသာကောင်းမွန်မှုရရှိနိုင်ကြောင်း သိရသည်။

အသီးမရင့်မီ ခူးဆွတ်ထားသည့် Hass ထောပတ်သီးများသည် ခူးဆွတ်ပြီးနောက် ရင့်မှည့်လာနိုင်သော်လည်း အသီးရင့်ချိန်တွင် ခူးဆွတ်ထားသည့် အသီးများကဲ့သို့ အဆီအနှစ်၊ အသားအရသာနှင့် စားသုံးမှုအရည်အသွေး ပြည့်ဝမည်မဟုတ်ကြောင်း လေ့လာသူများက ဆိုသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် စိုက်ပျိုးသည့်ဒေသအလိုက် ထောပတ်သီးရင့်မှည့်ချိန် ကွာခြားနိုင်သဖြင့် လအလိုက် ခူးဆွတ်ခြင်းထက် အသီးရင့်မှည့်မှုနှင့် Dry Matter ပါဝင်မှုကို အခြေခံ၍ ခူးဆွတ်ချိန် သတ်မှတ်ရန် လိုအပ်ကြောင်း အကြံပြုထားသည်။

အနုသီးများကို အချိန်မတိုင်မီ ခူးဆွတ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းသည် စားသုံးသူများ၏ ထုတ်ကုန်အပေါ် ယုံကြည်မှုကို ထိခိုက်စေနိုင်သည့်အပြင် ရေရှည်တွင် မြန်မာ့ထောပတ်သီး၏ ဈေးကွက်နှင့် အရည်အသွေး ဂုဏ်သတင်းအပေါ်လည်း သက်ရောက်မှုရှိနိုင်သည်။

ထို့ကြောင့် ထောပတ်သီးစိုက်ပျိုးသူများအနေဖြင့် အသီးရင့်မှ ခူးဆွတ်ရန်၊ ကုန်သည်များနှင့် ပွဲရုံများအနေဖြင့်လည်း အရည်အသွေးမပြည့်မီသည့် အနုသီးများကို ဈေးကွက်သို့ မတင်ပို့ရန် လိုအပ်ကြောင်း အကြံပြုထားသည်။

(ယာပုံ)

**ရွှေမန်း**



# တရားဦး ဓမ္မစကြာတရားတော်(၇)

**ဂါထာ(၇) မဂ္ဂသစ္စာ (စတုတ္ထသစ္စာ)**

ကာမဂုဏ်အာရုံငါးပါးတို့အပေါ် ခုံမင်တပ်မက်တဲ့ ကာမတဏှာ၊ ဘဝအပေါ်စွဲလမ်းတပ်မက်တဲ့ ဘဝတဏှာ၊ ဘဝကင်းပြတ်မှုကို လိုလားတပ်မက်တဲ့ ဝိဘဝတဏှာဆိုတဲ့ တဏှာတွေကိုဖြတ်နိုင်ရင် ဒုက္ခငြိမ်းမယ်လို့ တတိယသစ္စာက ဆိုထားတော့··· **တဏှာကို ဘယ်လိုဖြတ်ရပါ့မလဲ**။ ဖြတ်ချင်ရင် **ဘယ်လမ်းကို လိုက်ရပါ့မလဲ**။ (မဂ္ဂ=လမ်း)

အချက် ရှစ်ချက်၊ အင်္ဂါဆိုတဲ့ အစိတ်အပိုင်း ရှစ်ခုပါတဲ့ မဂ္ဂ (လမ်း)ကို လိုက်ရမှာ၊ လျှောက်ရမှာ ဖြစ်ပါတယ်။ **မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်**ကို ကျင့်ရမှာ ဖြစ်ပါတယ်။

**ပဋိပဒါ**ဆိုတာ အကျင့်ကို ပြောတာပါ။ **ဂါမိနီ**ဆိုတာ သွားတဲ့ ခရီး၊ သွားတဲ့လမ်း ဖြစ်ပါတယ်။

ဒါကြောင့် စတုတ္ထသစ္စာတရားဆိုတာ ဒုက္ခမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း **လျှောက်လှမ်းရမယ့်ခရီးလမ်း**(ဒုက္ခနိရောဓ ဂါမိနီ)ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ့် **ကျင့်စဉ်၊ အကျင့်**(ပဋိပဒါ)ဖြစ်ပါတယ်။

အခုဂါထာ(၇)မှာပြောတဲ့ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ဆိုတာ ရှေ့က ဂါထာ(၃)မှာ ပြောခဲ့တဲ့ **အလယ်အလတ်ကျင့်စဉ်(မဇ္ဈိမ ပဋိပဒါ)**ကိုပဲ ပြောတာပါ။ ဒီကျင့်စဉ်မှာပါတဲ့ အင်္ဂါရှစ်ပါးက ဆောင်းပါး(၅)မှာ ဖော်ပြခဲ့တဲ့အတိုင်း···

၁။ ကောင်းသောအမြင်၊ မှန်ကန်သာ**အမြင်ရှိခြင်း**

၂။ ကောင်းသောအတွေး၊ မှန်ကန်သော**အတွေး**၊

၃။ ကောင်းသောအပြောအဆို၊ မှန်ကန်သော**အပြောအဆို**

၄။ ကောင်းသောအလုပ်၊ မှန်ကန်သော**အလုပ်**

၅။ ကောင်းသော၊ မှန်ကန်သော **အသက်မွေးဝမ်းကျောင်းမှု** အမြင်မှန်အပေါ် အခြေခံပြီး အတွေး၊ အပြော၊ အလုပ်၊ အသက်မွေးမှု ကောင်းမွန်မှန်ကန်စေရပါမယ်။

အဲ့ဒီ အမြင်၊ အတွေး၊ အပြော၊ အလုပ်၊ အသက်မွေးမှုမှန်ကန်နေစေဖို့ဆိုတာကိုလည်း (တစ်ခါတစ်ရံမှသာ မှန်ကန်တာမျိုး စိတ်ကူးပေါက်တဲ့အခါမှသာ မှန်ကန်တာမျိုးမဟုတ်) **အမြဲမှန်ကန် နေစေဖို့**။

၆။ အမြဲလုံ့လ **ဝီရိယစိုက်ထုတ်**ရပါမယ်။

၇။ အမြဲသတိတရနဲ့ **သတိထား**လုပ်ဆောင်ရပါမယ်။

၈။ စိတ်ကို **တည်ငြိမ်စွာ**ထားပြီး ဆောင်ရွက်ရပါမယ်။

ဒါက ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံး **လက်တွေ့ဘဝမှာ ကျင့်သုံးနေထိုင်ရမယ့် လမ်းညွှန်တရား၊ ဘဝနေနည်းထိုင်နည်း**ကို ညွှန်ပြတဲ့တရားဖြစ်လို့ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံး ဒီ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကိုတော့ နားလည်သဘောပေါက်ထားသင့်တယ်ထင်ပါတယ်။

**သမ္မာဒိဋ္ဌိ(အမြင်မှန်ခြင်း)**ဆိုရာမှာ အဓိကအားဖြင့်တော့ **သစ္စာလေးပါးကို နားလည်လက်ခံခြင်း**က အရေးအကြီးဆုံးဖြစ်လို့ **သစ္စာလေးပါး**ကို တင်ပြခဲ့ပြီးပါပြီ။

ဒီသစ္စာလေးပါးကို နားလည်လက်ခံဖို့ဆိုရာမှာလည်း ဦးစွာ ပထမ သဘာဝတရားကြီးတစ်ခုလုံးထဲမှာ **တကယ်ရှိတာက ရုပ်တရားတွေနဲ့ နာမ်သဘောတရားတွေပဲရှိတယ်**ဆိုတာကို **လက်ခံဖို့ လိုအပ်မယ်**ထင်ပါတယ်။

**ရုပ်**= အပူ၊ အအေးစသော ဆန့်ကျင်ဘက်တရားများကြောင့် အမြဲဖောက်ပြန်ပျက်စီးတတ်တဲ့သဘောရှိ၊ အနေးနဲ့အမြန် ဖြစ်ပြီး လျှင် ပျက်တဲ့သဘာဝရှိပါတယ်။

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၇၂၆)**

**နာမ်**= ရုပ်နှင့်မတူ၊ အကောင်အထည်ဒြပ်မရှိ၊ အာရုံကိုသိတတ်တဲ့ သဘော၊ နာမ်သည်လည်းပဲ ဖြစ်-ပျက်၊ ဖြစ်-ပျက် အမြဲမပြတ် တရစပ်ပြောင်းလဲနေတာ ဖြစ်ပါတယ်။

ဒီတော့ လောကကြီးမှာ ရှိရှိသမျှ သက်ရှိ၊ သက်မဲ့အရာအားလုံးဟာ ရုပ်အစု၊ နာမ်အစု၊ တစ်ခါတစ်ရံ ရုပ်နဲ့နာမ်အစု ယှဉ်တွဲရှိနေတာပဲဖြစ်ကြပါတယ်။ အခြေခံအားဖြင့် နောက်ဆုံး **ရုပ်နဲ့ နာမ်ပဲရှိရာမှာ နှစ်ခုစလုံး အမြဲဖြစ်ပျက်ပြုပြင်ပြောင်းလဲနေကြတာ**ဆိုတော့ **ရုပ်အစု** (ရုပ်ဝတ္ထုသက်မဲ့ပစ္စည်းတွေ)၊ **နာမ်အစု**(ခံစားချက် ဝေဒနာတွေ၊ မှတ်သားမှုသညာတွေ စသဖြင့်···)။ **ရုပ်နာမ်အစု** (ရုပ်အစု တစ်ခု+နာမ်အစု လေးခုနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ **ခန္ဓာငါးပါး**ရှိတဲ့ လူတွေ)အားလုံး အားလုံးဟာ **အမြဲဖြစ်ပျက်ပြုပြင် ပြောင်းလဲနေပါလားဆိုတာကို** ဆိုတာကို မြင်ဖို့လိုပါတယ်။

သက်ဆိုင်ရာအကြောင်းတရားတွေကြောင့် **ဖြစ်ချိန်တန်ရင်ဖြစ်၊ ပျက်ချိန်တန်ရင်ပျက်**၊ သူ့သဘာဝတရားနဲ့သူ ဖြစ်ပြီးပျက်၊ ဖြစ်ပြီး ပျက် ဆက်တိုက်ပါပဲ။

သစ်လွင်ရာမှ အိုဟောင်း၊ အိုဟောင်းရာမှ ပျက်စီး၊ ပျိုမျစ်ရာမှ အိုမင်းမစွမ်း၊ အိုရာမှသေ။ ဒါတွေက ကျွန်မတို့ လက်တွေ့ဘဝမှာ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတာပဲလေ။ **အရာရာမမြဲဘူးဆိုတာ သဘာဝပါ**။ ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ **အနိစ္စ…အနိစ္စ**နဲ့ပြောနေတာ ဒါပါပဲ။

ကျွန်မတို့ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ထဲက သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ခြင်းဆိုတာကို နားလည်ဖို့ ကြိုးစားနေကြတာပါ။ အမြင်မှန်ဆိုတာဟာ···

(က) အဓိကအားဖြင့် ဘုရားရှင်မိန့်ခဲ့တဲ့ သစ္စာလေးပါး (အမှန်တရားလေးပါး)ကို နားလည်ခြင်းဖြစ်ပါတယ်။

(ခ) သစ္စာလေးပါးကို နားလည်ဖို့အတွက် ပထမဦးစွာ တရားထဲမှာ တကယ်ရှိတာက ရုပ်တရားတွေနဲ့ နာမ်တရားတွေပဲရှိတယ်။

(ဂ) အဲ့ဒီရုပ်တရားနဲ့ နာမ်တရားအားလုံးဟာ သူတို့ရဲ့ ပင်ကိုမူလသဘာဝတရားတွေအရ ဖြစ်ချိန်တန်ဖြစ်ပြီး ပျက်ချိန်တန်ပျက်နေကြတာ(အနိစ္စသဘောရှိကြတယ်)ဆိုတာ နားလည်ရပါမယ်။

(ဃ) ရုပ်တရားနဲ့ နာမ်တရားအားလုံး ဘာမှမြဲတယ်(နိစ္စ) ဆိုတာ လုံးဝမရှိဘူးဆိုတော့ ကျွန်မတို့အားလုံးကလည်း ရုပ်အစု တစ်ခုနဲ့ နာမ်အစု လေးခု(အစု = ခန္ဓာအစု ငါးခု)နဲ့ ဖွဲ့စည်းထားတာဖြစ်လေတော့ ကျွန်မတို့ထဲမှာ **ထာဝရမပြောင်းမလဲရှိတာ ဘာမှရှာလို့ မရပါဘူး**။ **"ငါ"**ဆိုတဲ့ **အတ္တ**လည်းမရှိ။ **ဝိညာဉ်၊ လိပ်ပြာ**ဆိုတာတွေလည်း **ဘာမှမရှိပါဘူး**။ အကြောင်းအားလျော်စွာ **မပြတ်ပြောင်းလဲနေတဲ့ ခန္ဓာငါးပါးပဲရှိပါတယ်**။ "ငါ"မှ မရှိတဲ့နောက် "သူတစ်ပါး"လည်း မရှိနိုင်ပါဘူး။

လက်တွေ့နေ့စဉ်ဘဝမှာတော့ **"ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ"**စသဖြင့် ခေါ်ဝေါ်သုံးစွဲနေကြတာမှန်ပါတယ်။ ဒါက ရုပ်အစု၊ နာမ်အစု၊ ရုပ်နာမ်အစုတွေကို **အမည်ပေး သတ်မှတ်ခေါ်ဝေါ်သုံးစွဲနေကြခြင်းသာ**ဖြစ်ပါတယ်။

နေ့စဉ်ဘဝ ချောမောပြေပြစ်ဖို့သက်သက်အတွက်သာလျှင် ဒီအစု(ခန္ဓာ)ကို "ငါ" လို့ခေါ်မယ်၊ ဟိုဘက်အစု(ခန္ဓာ)ကိုတော့ ငါမဟုတ်တဲ့ "သူတစ်ပါး"၊ နောက်အစုအစုအသီးသီးကိုတော့ "ယောကျ်ား"၊ "မိန်းမ"စသဖြင့် ခေါ်ကြစို့လို့ဆိုပြီး အမည်ပေး သတ်မှတ်ခေါ်ဝေါ်ကြခြင်းသာဖြစ်ပါတယ်။ ဒါကိုပါဠိလို **ပညတ်**လို့ ခေါ်ကြပါတယ်။

(င) အဲ့ဒီတော့ သဘာဝတရားကြီးထဲမှာ မြဲတယ်ဆိုတာ ဘာမှရှာမရပါဘူး။ ကျွန်မတို့ကလည်း ဖြစ်နိုင်ရင် **မြဲတာကိုလိုချင်ကြတယ်** ဆိုတော့ **ဘာတစ်ခုမှ ကျေနပ်စရာရှာမရတော့ဘူးပေါ့**။ ဒါ **ဒုက္ခ**ပဲလေ။ ဒုက္ခဆိုတာရဲ့ အဓိပ္ပာယ်ကိုက ကျေနပ်ဖွယ်မရှိတဲ့သဘောကိုပြောတာဖြစ်ပါတယ်။ **(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၄၃၈)**

**"ကိုယ်"**လို့ ပြောပြောနေတဲ့ ကိုယ်ကိုယ်တိုင်ကလည်း အနိစ္စ **မမြဲဘူး**။ မွေး၊ ပျို၊ အို၊ နာ၊ သေ ဆက်တိုက်စဉ်ဆက်မပြတ်ဖြစ်နေတာ။ ဘယ်လောက်မသိချင်ယောင်ဆောင်နေပါစေ သဘာဝတရားကြီးကတော့ သူ့သဘာဝအတိုင်း ဆက်လက်ချီတက်နေမှာ အသေအချာပါပဲ။ နုပျိုနေတာလေးကြိုက်လွန်းလို့ မအိုချင်သေးပါဘူး အော်နေလို့လည်းမရ၊ မသေချင်သေးပါဘူး ပြောလို့လည်းမရ။ **အိုချိန်တန်အိုရ၊ နာချိန်တန်နာရ၊ သေချိန်တန်ရင်သေကြရဦးမှာ**။ ဒုက္ခမှ အကြီးအကျယ် **ဒုက္ခ**ပါပဲလား။

## ဒေါက်တာခင်ဝင်းကြည်

တခြားတစ်ဖက်ကကြည့်လိုက်ပြန်တော့လည်း ကိုယ်သဘောကျလွန်းလို့ စုဆောင်းထားတဲ့ **ပစ္စည်းတွေ**၊ အသုံးအဆောင်ပစ္စည်းလေးတွေ၊ အဝတ်အထည်လေးတွေ၊ တိုက်တွေ၊ အိမ်တွေ၊ ကားတွေ ဒါတွေကလည်း သစ်လွင်တောက်ပနေရာကနေ အိုသွား ဟောင်းသွားလိုက်ကြတာ။ ကိုယ်က သစ်သစ်လွင်လွင်လေး လှလို့ဝယ်စုထားတာ အခုတော့ **အိုသွား ဟောင်းသွား ကြည့်မကောင်းတော့ပါလား**။ (ရန်သူမျိုးငါးပါး) ဒုက္ခပါပဲ။ **ရေဘေး၊ မီးဘေး၊ ခိုးသူဘေး**တွေကလည်းရှိသေး။ **ဒုက္ခ၊ ဒုက္ခ**။

ပစ္စည်းတွေကသက်မဲ့။ **သက်ရှိလေး**တွေလည်း ကိုယ်သဘောကျလွန်းလို့ အနားမှာခေါ်ထားတာလေးတွေရှိတယ်မဟုတ်ပါလား။ ခွေးလေးတွေ၊ ကြောင်လေးတွေကို ပြောတာပါ။ **သူတို့လည်း အို၊ နာ၊ သေ**။ ဒုက္ခပါပဲ။

**ကိုယ့်ခင်ပွန်း၊ ကိုယ့်ဇနီး၊ ကိုယ့်သားသမီး**တွေလည်း ထို့အတူပါပဲ။ ဟိုးအရင်ဘဝ ဘဝတွေတုန်းက ကုသိုလ်ကောင်းမှု၊ အကုသိုလ် မကောင်းမှုတွေ အတူတူလုပ်ခဲ့မိကြလို့ ကံတွေဆုံပြီး ဒီဘဝမှာ မိသားစုရယ်လို့ လာဆုံကြတာ။ **ဆုံဖို့ကံတွေကုန်သွားရင်** ကိုယ်က အရင်သော်လည်းကောင်း၊ သူတို့က အရင်သော်လည်း ကောင်း **ခွဲခွာသွားကြမှာ**။ **ဒုက္ခ**ပါပဲ။ ဒါက **ဒုက္ခသစ္စာ**ပဲလေ။

**ဒုက္ခဘာလို့ရောက်နေကြတာလဲ**။ **မမြဲတဲ့အရာတွေကို ကိုယ်က စွဲနေလို့**။ ကိုယ်စွဲနေတဲ့အရာတွေကသာ မမြဲတာလားဆိုတော့ အဲ့ဒီဟာတွေကို စွဲနေတဲ့ **ငါကလည်း မမြဲဘူးလေ**။ အဲ့ဒီ **မမြဲတဲ့ကိုယ်က မမြဲတဲ့ သက်ရှိ၊ သက်မဲ့အရာတွေကို သွားစွဲနေတာ**။ (မမြဲတဲ့အရာတွေနဲ့ အမြဲသွားပြီး ဆက်ဆံနေတာ။) **ဒုက္ခ**ရောက်ပြီပေါ့။ **စွဲတယ်ဆိုတာ တဏှာ**။

အဲ့ဒီတော့ မြတ်စွာဘုရားရှင် ထောက်ပြတော်မူခဲ့တဲ့ ဒုတိယ သစ္စာ**(သမုဒယသစ္စာ)**ပဲ မဟုတ်လား။

သက်ရှိ၊ သက်မဲ့အရာရာတိုင်းက မမြဲတဲ့ အနိစ္စသဘောနဲ့ ဆက်ပြီး အနတ္တသဘောကိုလည်း နားလည်သွားမယ်ထင်ပါတယ်။

**အနတ္တ = အစိုးမရသောသဘော**။ ပိုင်ဆိုင်မှုမရှိတဲ့သဘော။
ကိုယ့်အလို၊ ကိုယ့်အကြိုက်မလိုက်တဲ့သဘော။
သူ့သဘောသူဆောင်ပြီး ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်တဲ့သဘော။

ကျွန်မတို့ တွေ့ခဲ့ပြီလေ။ **သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတွေ**(စားပွဲ၊ ကုလားထိုင်လေးကအစ တိုက်တွေ၊ အိမ်တွေ၊ ကားတွေ)အားလုံး အသစ်လေးပဲကြိုက်လို့ **မဟောင်းပါနဲ့ ပြောလို့မှမရတာ**။ **အနတ္တ**။

ကျွန်မတို့ချစ်တဲ့ ခွေးလေး၊ ကြောင်လေးကအစ **ဇနီး၊ ခင်ပွန်း၊ သားသမီး** ဘယ်တော့မှ ကျွန်မတို့နဲ့ မခွဲခွာကြစတမ်းခေါ်ထားလို့ ရလို့လား။ ကံဆုံတုန်းကြုံကြတာ **ကံကုန်ရင်ခွဲခွာကြရတာပါပဲ**။ ဒါလည်း **အနတ္တ**။

နောက်ဆုံး **ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်ပါဘူး(အနတ္တ)**။ မပိုင်လို့ဘဲ **မအိုချင်ဘဲနဲ့ အိုနေရတယ်(အနတ္တ)**။ ဆံပင်ဖြူတွေ များလာလို့ ဆေးဆိုးရရင် ကောင်းမလား၊ အသားလေး အရင်ကလိုမျိုး ဝင်းညက်နေချင်ရင် ပေါင်းတင်ရတယ်ဆိုလား။ Plastic Surgery လုပ်ချင်ရင် ထိုင်းမှာ ပိုကောင်းတယ်ဆိုလား။ ကုန်ကျစရိတ်သိပ်များနေရင်တော့ **ဒုက္ခပါပဲ**။ (**အနတ္တကြောင့် ဒုက္ခတွေ**များနေလိုက်တာနော်။)

မအိုလည်း မအိုချင်သလို၊ မနာလည်း မနာချင်ပါဘူး။ ဒါပေမဲ့ **မရပါဘူး**။ ကျွန်မတို့တော့ ဆင်တုပ်ကွေးဆိုလည်း ကွေးလိုက်သေးတာပဲ။ ကိုဗစ်ဆိုတော့လည်း နည်းနည်းဖြစ်ဖြစ်တော့ ခေတ်မီလိုက်ပါသေးတယ်။ အနတ္တ···အနတ္တ။

မအိုချင်၊ မနာချင်တာထက်ကို **ပိုမလိုချင်တာက** သိတဲ့အတိုင်း **မသေချင်တာဘဲ**။ ကျွန်မတင် မဟုတ်ပါဘူး။ လူတိုင်းလူတိုင်း ဘယ်သူမှ မသေချင်ကြပါဘူး။ (သေချင်လိုက်တာလို့ ပြောရင် မယုံနဲ့၊ ညာပြောနေတာ။)

မသေချင်ပါဘူးဆိုပေမယ့်လည်း ရမတဲ့လား။ ဘယ်အချိန်၊ ဘယ်အသက်အရွယ်မှာလို့သာ မပြောနိုင်တာ **တစ်နေ့တော့ မလွဲမသေ သေရမှာ**။ ဘာကိုမှ အစိုးမရတဲ့ **အနတ္တသဘောပါ**။

# ဥပဒေအသိပညာပြန့်ပွားရေး (၁/၂၀၂၆)ဆင့်ပွားသင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၌ ဥပဒေရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး (၁/၂၀၂၆)ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။



ရှေးဦးစွာ ဒေးဝန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဝေက ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားစသည့် ဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီး မဟာအောင်မြေမြို့နယ် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကိုက အများပြည်သူများသိရှိလိုက်နာသင့်သည့် ဥပဒေအကြောင်းအရာများကို သင်တန်းသား၊ သင်တန်းသူများအား ဆက်လက်ပို့ချခဲ့သည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသား၊သင်တန်းသူ ၅၀ ဦးက ဥပဒေနှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဥပဒေအရာရှိက ပြန်လည်ဖြေကြားခဲ့ပြီးနောက် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကိုက ဥပဒေစာအုပ်များကို လှူဒါန်းခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၀၅၆)

# (၃၃)ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ဂန့်ဂေါမြို့တွင် (၃၃)ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ)တွင် ကျင်းပသည်။

ကဗျာပြိုင်ပွဲ မူလတန်းအဆင့်တွင် 'မြတ်ဆရာ'၊ အလယ်တန်းအဆင့်တွင် 'ဆရာ့ဂုဏ်ကျေးဇူး' နှင့် အထက်တန်းအဆင့်တွင် 'အာစရိယသခင်' ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ ပန်းချီပြိုင်ပွဲ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် 'ကမ္ဘာ့ဆရာများနေ့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့်တွင် 'မြတ်ဆရာ'၊ အလယ်တန်းအဆင့်တွင် 'ရေး၍မကုန် ဆရာ့ဂုဏ်' နှင့် အထက်တန်းအဆင့်တွင် 'မြတ်ဆရာဟူသည်' ခေါင်းစဉ်တို့ဖြင့် ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၉၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ (အောက်ပုံ)



အဆိုပါ (၃၃)ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို မြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုး၊ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)မှ ကျောင်းအုပ်ဆရာကြီး ဦးရာထွန်းနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူများအား မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ဖားကန့်မြို့၌ စာဖတ်ဝိုင်းကျင်းပ

**ဖားကန့် စက်တင်ဘာ ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ စာပေ ဖတ်ရှုပြီး စာပေမှရရှိသော အသိပညာဗဟုသုတများကို အချင်းချင်းဝိုင်းဖွဲ့၍ ဆွေးနွေးတတ်သည့် အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက ဖားကန့်မြို့ Community Centre အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကိုကိုဦးက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စာဖတ်ဝိုင်းတွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ စာရေးဆရာ ဒေါက်တာသန်းထွန်း ရေးသားထားသည့် လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးအား ဖတ်ရှုလေ့လာခြင်းမှ ရရှိသော အကျိုးကျေးဇူးများနှင့် စာဖတ်ရမည့် စနစ်များ၊ အွန်လိုင်းအသုံးပြုမှုအား စနစ်တကျအချိန်ထားရှိမှု၊ ဖတ်ရှုရမည့်စာအုပ်များနှင့် စာဖတ်ခြင်းကြောင့် တိုးတက်လာကြသည့် ပုဂ္ဂိုလ်များအကြောင်းကို တစ်ဦးချင်း၏ အမြင်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**






# ချက်ပြုတ်သုံးစွဲနည်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**ကန့်ဘလူ စက်တင်ဘာ ၂၉**

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာရှိ ကျေးရွာခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝအောင် ချက်ပြုတ်သုံးစွဲနည်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်လွင်မာအေးက ကိုယ်ဝန်ဆောင်မိခင်များ ဆောင်ရန်၊ ရှောင်ရန်များ၊ နို့တိုက်မိခင်များ အာဟာရပြည့်ဝကျန်းမာဖို့ ချက်ပြုတ်သုံးစွဲရမည့်နည်းလမ်းများ၊ ကလေးများ ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာစေရန် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက နတ်ပေးကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာကြရန် ပြောကြားကာ ကလေးများအတွက် အာဟာရများနှင့် ကိုယ်ဝန်ဆောင်မိခင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ (အောက်ပုံ)

ထို့နောက် နတ်ပေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ကလေးများအာဟာရကျွေးမွေးခြင်းနှင့် သွားစနစ်တကျ မှန်ကန်စွာတိုက်နည်းများ ဆောင်ရွက်ခဲ့ရာ ဒေသခံမိခင်တစ်ဦးက ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များအတွက် ကျန်းမာရေးအသိပညာများပေးသည့်အတွက် ကျန်းမာရေးဗဟုသုတများရရှိကြောင်းနှင့်ကလေးများအတွက် အာဟာရကျွေးမွေးခြင်းကြောင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ဘဝနေနည်း

\- - - - -

* လောကီဘုံမှာ လူဖြစ်လာကြ
ရတနာသုံးပါး ဦးထိပ်ထားကြ
ပဉ္စသီလ စောင့်ထိန်းကြကာ
ကံ, စိတ်, ဥတု, အာဟာရတွေ
သင့်တင့်မျှတအောင် နေထိုင်ကြပါ ။

* ပညာပြည့်ဝ လောကကောင်းကျိုး
သယ်ပိုးထမ်းရွက်လုပ်ဆောင်ပါ
ဥစ္စာဓန ရအောင်ရှာကာ
ချွေတာစုဆောင်းထားကြပါ
ဒါန, သီလ, ဘာဝနာ
ကုသိုလ်ကောင်းမှုပြုကြပါ ။

* ဖြတ်ဗ္ဗစိုရ်တရား လက်ကိုင်ထားကာ
ကာ္ဘသာမစ္ဆရိယ မရှိကြဘဲ
လောဘ ဒေါသ ငြိမ်းအေးမှသာ
ကျန်းမာလန်းဖြာ ဘေးရန်ကွာ၍
ရောဂါခပ်သိမ်း ကင်းငြိမ်းကင်းစင်မှာ ။

* ဥစ္စာကံစောင့် ၊ အသက်ဉာဏ်စောင့်
ဉာဏ်နဲ့ယှဉ်ကာ နေထိုင်ပါက
သောကကင်းဝေး စိတ်အေးချမ်းသာ
လိုရာဆန္ဒပြည့်ဝကြကာ
လူဖြစ်ရကျိုး နပ်မည်သာ ။ ။

**မိုးထက်ကို(အမရပူရ)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၏ ဓမ္မပူဇာအထူးတရားပွဲ ကျင်းပ



**အမရပူရ စက်တင်ဘာ ၂၉**

အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ဓမ္မပူဇာအထူးတရားပွဲကို အမရပူရမြို့နယ်၊ ရွှေလင်းပင်-မဏိဇောတဓမ္မရိပ်သာ၌ ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဓမ္မပူဇာအထူးတရားပွဲအား 'နမောတဿ' သုံးကြိမ်ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ နိဗ္ဗာန်ရောက်ကြောင်းတရားဒေသနာတော်များ နာကြားကြသည်။

ထို့နောက် အများကောင်းမှု ဓမ္မပူဇာအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုကာ ဓမ္မပူဇာအထူးတရားပွဲကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀-၀



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့သို့ စက်တင်ဘာ ၂၆ ရက်က လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီးနယ်မြေအတွင်းရှိ ရန်အောင်မြင်မွှာရုံပြုပြင်ခြင်းအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ (သား)ဦးအောင်ကျော်မျိုး၊ (ဇနီး)ဒေါ်ခင်ဝင်းရွှေ၊ မြေးများဖြစ်ကြသော မမေသင်းကြည်၊ မခင်ပပမင်း၊ မထက်အေပရယ်အောင် မိသားစုက အလှူငွေကျပ်သိန်း ၁၅၀၀ ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၇၀)

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အမှူးပြုသောသံဃာတော်တို့အား အရဏ်ဆွမ်းဆက်ကပ်၍ သံဃာတော်တစ်ပါးချင်းစီအား နဝကမ္မအလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး တရားလွှတ်တော်ရှေ့နေကြီး ဦးစိန်ရွှေအားရည်စူး၍ အလှူရှင် ဒေါ်စန်းစန်းရီ(ဆောက်လုပ်ရေး) မိဘဂုဏ်ရည် မိသားစု၊ မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေသိန်း ၄၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၅၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။




(အပေါ်ပုံ)

PNT

## ရေဘေးသင့်ပြည်သူများအား ဆန်ထောက်ပံ့ပေးအပ်

**ကျွန်းလှ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးသင့်ပြည်သူများအား ဆန်ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က ဆန်ထောက်ပံ့ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဘေးသင့်အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၃၁၃ ဦးအား တစ်ဦးလျှင် ဆန် ၇ Kg နှုန်းဖြင့် စုစုပေါင်းဆန် ၂၁၉၁ Kg ကို တာဝန်ရှိသူများက တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)

၀-၀-၀-၀-၀-၀-၀-၀




## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ဆုချီးမြှင့်နိုင်ရေး ပထမအကြိမ် ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ စက်တင်ဘာ ၂၉**

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ Clean and Green School Award ဆုချီးမြှင့်နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိ၊ မရှိကို ခရိုင်ဆုရွေးချယ်ရေးအဖွဲ့က ပထမအကြိမ် ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ဆုရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ပညာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်း(၄)ချက်၊ အညွှန်းကိန်း (၁၇)ချက်နှင့် ကိုက်ညီမှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကျောင်းတွင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံပြသခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခဲ့သည့် ရလာဒ်များအပေါ် မူတည်၍ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ဆုရကျောင်းများကို တိုင်းဒေသကြီးနှင့်ခရိုင်များက ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် Clean and Green School Award ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် အသင့်စုဖွဲ့ထားရှိ

**မတ္တရာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ယာဉ်၊ စက်ပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်စုဖွဲ့ထားရှိမှုကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်စုဆောင်းထားရှိရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူက ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်စုဖွဲ့ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူက အသင့်စုဖွဲ့ထားရှိမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ထားရှိရန် မှာကြားခဲ့သည်။

မတ္တရာမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ်(၅)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ လူမှုကယ်ဆယ်ရေး(RESCUE) အသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် အသင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

(အောက်ပုံ) ရွှေရာသား



မျက်စိလှူကြ မျက်ကြည်ရ
မြတ်သည့် လှူဒါန်း။

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်း၏ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲခွင့်ပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း၏ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲခွင့် ပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြတ်ဇေယျာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက စက်ချုပ်ထူးချွန်သင်တန်းသူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ကျော်ညွန့်က စက်ချုပ်ထူးချွန်သင်တန်းသူနှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ကြိမ်ထည်လုပ်ငန်းသင်တန်းတွင် ထူးချွန်သင်တန်းသူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ကြိမ်ထည်ထူးချွန်သင်တန်းသူ နှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ ထူးချွန်သင်တန်းသူများက လက်ခံရယူခဲ့ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သင်တန်းမှထွက်ရှိသည့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

ခရိုင်-ပြန်/ဆက်

၀-၀-၀-၀-၀-၀



# နမ့်ပန်ဒမ်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**နောင်မွန် စက်တင်ဘာ ၂၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နမ့်ပန်ဒမ်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (VDP)စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့နံနက်ပိုင်းက နမ့်ပန်ဒမ်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (VDP)စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏တာဝန်နှင့်ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅သိန်းဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်အား ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်

# ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(GTI) ကျောင်းတွင် ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များတို့က သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)





# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တံတားဦး စက်တင်ဘာ ၂၉**

၂၀၂၆ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး) မှ ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး )မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ထွန်းမြတ်ကျော်၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်မောင်နှင့် တာဝန်ရှိသူများက လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး) ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေကြသည့် အရာရှိ တပ်ဖွဲ့ဝင်များနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၉ ဦး၏ သွေးလှူဒါန်းနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွေးလှူဒါန်းခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် အမှန်တကယ် သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် အလှူတစ်ရပ်အနေဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းသည် သွေးအတွက် လိုအပ်သည့်ပြည်သူများ၏ အသက်ကို ကယ်တင်ပေးခြင်းဖြင့် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သွေးများ မလှူဒါန်းမီ သွေးပေါင်စစ်ဆေးခြင်း၊ သွေးအမျိုးအစား ခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းကြသော တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများနှင့် ကြက်ဥများကို ထောက်ပံ့ပေးခဲ့ကြောင်း လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(အပေါ်ပုံ)

(၄၀၉)

# ကိုင်းခရမ်းချဉ်သီးများ စတင်ဆွတ်ခူး၊ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချနေရ

**ညောင်ဦး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ကျေးလက်တောင်သူများ စိုက်ပျိုးထားသည့် ကိုင်းခရမ်းချဉ်သီးပေါ်ချိန်တွင် တစ်ပိဿာငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချနေရကြောင်း ညောင်ဦးမြို့နယ်၊ ညောင်နီကျင်းကျေးရွာ ကျေးလက်နေတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ကိုင်းခရမ်းချဉ်သီးကို ယခုနှစ်တွင် စိုက်ပျိုးမှုများပြားခဲ့ကာ ခရမ်းချဉ်သီး စတင်ပေါ်ချိန်မှာပင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချခဲ့ရခြင်းကြောင့် ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူများအနေဖြင့် မမျှော်လင့်သည့် ဈေးနှုန်းဖြစ်ခဲ့ကြောင်း၊ ယမန်နှစ်က ကိုင်းခရမ်းသီးချဉ် (ခေါ်)ဗမာခရမ်းချဉ်သီး ပေါ်ပေါ်ချင်းမှာပင် ငွေကျပ် ၄၅၀၀ ဖြင့် ရောင်းချခဲ့ကြောင်း ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူများက ပြောသည်။



ညောင်ဦးမြို့နယ်တွင် နောက်ပိုင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ကျေးလက်တောင်သူများ စိုက်ပျိုးသည့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ကိုင်းခရမ်းချဉ်သီးခင်းတွင် အပင်သန်မာ၍ အပွင့်ပွင့်နှုန်း၊ အသီးသီးနှုန်း ကောင်းမွန်ပြီး ခရမ်းချဉ်သီးထွက်ရှိမှုလည်း ကောင်းကြောင်း၊ ခရမ်းချဉ်သီးပွဲစားများကလည်း ခရမ်းချဉ်သီးခင်းနှင့် နီးသည့်နေရာများအထိ ခရမ်းချဉ်သီးအဝယ်ဒိုင်များဖွင့်လှစ်ကာထွက်ရှိလာသည့် ခရမ်းချဉ်သီးများကို ဝယ်ယူ၍ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ပို့ဆောင်ရောင်းချခြင်းဖြင့် ကိုင်းခရမ်းချဉ်သီးစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

၀-၀-၀-၀-၀

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပုံများကို ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ

စာမျက်နှာ ၁၀ သို့





## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြိုင်ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

### အမှာစကားပြောကြား

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

## အာရှခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် မြန်မာ U-17 အသင်းနှင့် အိန္ဒိယ U-17 အသင်း ခြေစမ်းမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းသည် ၂၀၂၇ အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းကို ဖိတ်ခေါ်ကာ ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲများကို အောက်တိုဘာ ၄ ရက်နှင့် ၇ ရက်တို့တွင် ညနေ ၃ နာရီခွဲ၌ သန်လျင်မြို့နယ်ရှိ Star City ကွင်း (Sunset Venue) တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာနှင့် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းနှစ်သင်းစလုံးသည် လာမည့် နိုဝင်ဘာလအတွင်း ကျင်းပမည့် ၂၀၂၇ AFC U-17 Asian Cup ခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့် အသင်းများဖြစ်သည်။ မြန်မာအသင်းသည် ၂၀၂၇ အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(က)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အိန္ဒိယအသင်းမှာ အုပ်စု(င)တွင် မလေးရှား၊ ပါလက်စတိုင်း၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့နှင့် ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြန်မာဘောလုံးအကယ်ဒမီများမှ ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်လူမျိုး နည်းပြချုပ် Mr. Keisuke Amano က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

အသင်းအနေဖြင့် ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင်လည်း Galaxy FC အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ (NGB)




## ၂၉-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**